# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 14 June 2022 ၁၀၇၆၆


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

# ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ရမည်

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလွန် ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် အားကစားလုပ်ငန်းများ**

ဆောင်းပါး စာမျက်နှာ » ၈



**ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ဓာတ်ဆီဈေးနှုန်း ၁၁ ဆအထိ မြင့်တက်လာ**

စာမျက်နှာ » ၁၂

**လေထုညစ်ညမ်းမှုထိန်းချုပ်ခြင်းဖြင့် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကျန်းမာသည့် လူမှုအဖွဲ့အစည်းဆီသို့**

ဆောင်းပါး စာမျက်နှာ » ၁၈

# ပလတ်စတစ်အန္တရာယ် ဝိုင်းဝန်းလျှော့ချကာကွယ်

ကမ္ဘာတစ်ဝန်းတွင် လူသားများအသုံးပြုနေသည့် ဓာတုပစ္စည်းများနှင့် ဒြပ်ပေါင်း အမျိုးအစား စုစုပေါင်းတစ်သိန်းကျော်ရှိပြီး ဓာတုပစ္စည်းအသုံးပြုမှုများကို စနစ်တကျ စီမံဆောင်ရွက်နိုင်မှုမရှိပါက ပတ်ဝန်းကျင်နှင့် လူသားများကျန်းမာရေးကို ဆိုးရွားပြင်းထန်စေသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အထူးဂရုပြုစီမံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် ပြောကြားထားသည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ ကမ္ဘာတစ်ဝန်းတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုများနှင့် ဆက်နွှယ်၍ နှစ်စဉ် လူခုနစ်သန်းခန့် အသက်ဆုံးရှုံးနေကြောင်း သိရသည်။ လူတို့အနေဖြင့် နေ့စဉ်နေ့တိုင်း ရောဂါဘယအမျိုးမျိုးဖြင့် အသက်ဆုံးရှုံးနေကြရာတွင် ဖြစ်ပေါ်လာသော ရောဂါဘယများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဆက်နွှယ်နေသည်ကို သတိမမူမိကြပေ။ ရောဂါတစ်မျိုးမျိုးကြောင့် အသက်ဆုံးရှုံးရသည် ဟူသောအသိဖြင့်သာ ပြီးဆုံးသွားကြသည်။ ထို့ကြောင့် သက်ဆိုင်ရာတို့က ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် အသက်ဆုံးရှုံးမှုများရှိနေကြောင်း သတိပေးနေကြရသည်။

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်စွန့်ပစ်ပစ္စည်းပမာဏ တန်ချိန် ၁၁ ဒသမ ၂ ဘီလီယံခန့်ကို နေရာအမျိုးမျိုးတွင် စွန့်ပစ်နေကြသည်။ စွန့်ပစ်ပစ္စည်းများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှာ တန်ချိန် ရှစ်သန်းခန့်ရှိပြီး ထိုပစ္စည်းများသည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်၊ သမုဒ္ဒရာအတွင်းသို့ရောက်ရှိကာ ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ မျက်မှောက်ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ယခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံဒုတိယပိုင်းတွင် ဥပဒေအရစည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုအမျိုးမျိုးတို့ကို များသောအားဖြင့် မြို့ပြများတွင် တွေ့ကြုံခံစားကြရသည်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများနှင့် စွန့်ပစ်အမှိုက်ညစ်ညမ်းမှုများကို ကြုံတွေ့နေရသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးကို မြို့နယ်အလိုက် စည်ပင်သာယာရေးအဖွဲ့အစည်းများက နေ့စဉ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော်လည်း လူတို့၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် စွန့်ပစ်အမှိုက်ပြဿနာဖြေရှင်းနိုင်ရေးမှာ ကြီးမားသောစိန်ခေါ်မှုများအဖြစ်ရှိနေသည်။ အထူးသဖြင့် လူသုံးကုန်ပစ္စည်း စွန့်ပစ်ပလတ်စတစ်အမှိုက် ပြဿနာများမှာ ကြီးမားနေဆဲဖြစ်ပြီး ယင်းကိုဖြေရှင်းနိုင်ရန် လမ်းညွှန်မှာကြားချက်များနှင့်အညီ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် ကဏ္ဍစုံပေါင်းစပ်ပြီး အစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ကုန်ပစ္စည်းများကို ထုပ်ပိုးရာတွင် မဖြစ်မနေအသုံးပြုရန် လိုအပ်သည့်အခါမှသာ ပလတ်စတစ်အိတ်ထုပ်ပိုးမှုနှင့် အသုံးအဆောင်များသာ အသုံးပြုသင့်သည်။ စွန့်ပစ်ပစ္စည်းများလျှော့ချရေး တိုက်တွန်းချက်ဖြစ်သည့် Reduce လိုသလောက်သာသုံးရန်(လျှော့ချသုံးစွဲရန်)၊ Reuse စွန့်ပစ်ပစ္စည်းအချို့ကို ပြန်လည်သုံးစွဲရန်၊ Recycle ပြန်လည်ပြုပြင်ထုတ်လုပ်သုံးစွဲရန်ဟူသည့် နည်းလမ်းများကို လက်တွေ့အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ အဆိုပါတိုက်တွန်းချက်အတိုင်း နိုင်ငံသူ နိုင်ငံသားများ လိုက်ပါလုပ်ဆောင်ကြပါက နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းမည်ဖြစ်သည်။

ဖော်ပြပါနည်းလမ်းသုံးသွယ်သည် အအောင်မြင်ဆုံး စွန့်ပစ်ပစ္စည်းလျှော့ချနည်းများဖြစ်ပြီး ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ကျင့်သုံးနေကြသည်။ စွန့်ပစ်အမှိုက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာတို့က သတ်မှတ်ထားသော စည်းကမ်းများရှိသည်။ လိုက်နာရန်ပျက်ကွက်ပါက အရေးယူရမည့်ဥပဒေများလည်းရှိသည်။ သို့သော် လူတို့အနေဖြင့် လိုက်နာရန် အားနည်းလျက်ရှိပြီး လိုက်နာရန်ပျက်ကွက်ပါက စည်းကမ်းထိန်းသိမ်းရေးကို စဉ်ဆက်မပြတ်ပြုလုပ်သင့်သည်။ စွန့်ပစ်လိုက်သော အမှိုက်များတွင် အိမ်ထောင်စုထွက် အမှိုက်များမှာအများဆုံးဖြစ်၍ အသိပညာပေးရေး၊ စည်းကမ်းထိန်းသိမ်းရေးသည် အရေးကြီးသည်။

ရန်ကုန်မြို့တွင် အမှိုက်ထွက်နှုန်းမှာ နေ့စဉ်တန်ချိန် ၂၃၀၀ မှ ၂၅၀၀ အထိရှိနေသည်။ နေ့စဉ်များပြားလာသောအမှိုက်များအား နိုင်နင်းစွာထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းစဉ်များကို အဓိကသက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်စပ်အဖွဲ့များက လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စွန့်ပစ်အမှိုက်ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် ဖော်ပြပါနည်းလမ်းသုံးသွယ်အပြင် အခြားထိရောက်သောနည်းလမ်းများဖြင့်ပါ ဆောင်ရွက်သွားမည်ဖြစ်၍ အနာဂတ်တွင် မြို့ပြသန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာရန်အတွက် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးအား တာဝန်မှရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၄၁ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက် )
**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး တာဝန်မှရပ်စဲခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သန်းဦး အား ၁၀-၆-၂၀၂၂ ရက် မှစ၍ တာဝန်မှရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ “နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာမကြီးတစ်ဦးသေဆုံး၊ ကျောင်းအုပ်၊ ဆရာ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်”ခေါင်းစဉ်ဖြင့် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းငါးလုံး မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ် မိုင်းစထိမှန်ပျက်စီးခဲ့သည့်ဖြစ်စဉ်” နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၇၁ | ၅၃၉,၆၀၀ |
| MTSH | ၂,၇၀၀ | ၂,၆၅၀ | ၃,၈၆၀ | ၁၀,၂၉၄,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၉ | ၇၀,၂၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁ | ၁၈,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၈ | ၈၈,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၃၆.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၄.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၁၃၈ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၈.၆၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၉၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၀.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၀.၉ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၅.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ခိုင်စိုးမြနှင့် ခိုင်ပေါ်လင်းတို့ တက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် **ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP အဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရေးဖိတ်ခေါ်ခဲ့ရာတွင် ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကို ဆောင်ရွက်လိုသည့် စိတ်ဆန္ဒဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်းကို ပထမဆုံး ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည့်အဖွဲ့ဖြစ်**သည့် အခြေအနေ၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့သည့် အုပ်ချုပ်မှုပုံစံများနှင့် အားသာချက်၊ အားနည်းချက်များ၊ ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ယခု ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့် ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ်ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ် အကျေအလည် ဆွေးနွေးအဖြေရှာဆောင်ရွက်သွားမည့် အခြေအနေ၊ **ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး လာရောက်ဆွေးနွေးလိုသည့် စိတ်ဆန္ဒရှိပါက ယခင်ဖိတ်ခေါ် ကမ်းလှမ်းချက်များအတိုင်း ထပ်မံဖိတ်ခေါ်**သည့် အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိမည် ဖြစ်သော်လည်း ငြိမ်းချမ်းသည့် နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အခြေအနေ၊ **တိုင်းပြည်အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအားလုံးပါဝင်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်** သည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

### ပြန်လည်ဆွေးနွေး

ထို့နောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ယခုကဲ့သို့ တိုင်းပြည်နှင့် ပြည်သူတို့အတွက် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်ကို ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP မှ ထောက်ခံကြိုဆိုသည့် အခြေအနေ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌက ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး လာရောက်ဆွေးနွေးလိုသည့် စိတ်ဆန္ဒရှိပါက ယခင်ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံဖိတ်ခေါ်**

☆ **တိုင်းပြည်အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ရမည်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❍ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❍ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❍ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❍ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❍ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❍ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❍ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❍ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❍ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❍ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဒေသတစ်ခုဖွံ့ဖြိုးရန်မှာ စီးပွားရေးကောင်းမွန်ရန်လိုအပ်ပြီး စီးပွားရေးကောင်းမွန်ရန် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီး ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို မပျက်စီးစေရန် အားလုံးပါဝင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လို

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်တွေမြို့ရှိ ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဆိုင်ရာအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သို့ လာရောက်ရခြင်းသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နေမှုများကို သိရှိရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် စတုရန်းမိုင် ၁၄၈၀၀ ကျော်ရှိပြီး ကမ်းရိုးတန်းဒေသဖြစ်၍ ကျွန်းပေါင်း ၁၄၄ ကျွန်းတွင် လူနေထိုင်သည့် ကျွန်း ၉၄ ကျွန်းရှိကြောင်း၊ ရေလုပ်ငန်းသည် အဓိကလုပ်ငန်းဖြစ်ပြီး စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရန်မှာ စီးပွားရေးကောင်းမွန်ရန်လိုအပ်ပြီး စီးပွားရေးကောင်းမွန်ရန်အတွက်လည်း တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးကြောင်း၊ ရရှိထားသည့် တည်ငြိမ်အေးချမ်း မှုကိုမပျက်စီးစေရန် အားလုံးပါဝင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့တစ်ဝန်း စီးပွားရေး ထိခိုက်မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ တတိယလှိုင်းတွင် အခက်အခဲများစွာကြားမှ ရုန်းကန်ကျော်ဖြတ်နိုင်ခဲ့သော်လည်း စီးပွားရေးကဏ္ဍတွင် ထိခိုက်ခဲ့မှုများရှိကြောင်း၊ ကိုဗစ်-၁၉ တတိယလှိုင်းမှ ရုန်းထွက်ခဲ့မှုတွင် တိုင်းရင်းသားပြည်သူများနှင့် တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့သည့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသော စကားအတိုင်း တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုသည် အရာရာကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတိုလုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိပြီး ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံကိန်းစနစ်တကျ ရေးဆွဲကာ အပိုင်းလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေတိုဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လျင်လျင်မြန်မြန် အင်တိုက်အားတိုက်ဖြင့် ထင်သာ မြင်သာရှိသော Quick Win အကျိုးတရားရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေလုပ်ငန်းသည် ပြည်နယ်၏ အားသာချက်တစ်ခုအဖြစ် ဒေသခံပြည်သူအများစု လုပ်ကိုင်သောလုပ်ငန်းဖြစ်ကြောင်း၊ မိရိုးဖလာသမားရိုးကျ လုပ်ကိုင်မှုအစား သိပ္ပံနည်းကျ အဆင့်မြှင့်တင်၍ ကျွမ်းကျင်သော အတတ်ပညာရှင်များ၏ အကူအညီရယူ၍ စီးပွားဖြစ် ငါး၊ ပုစွန်၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ လျင်မြန်စွာကောင်းမွန်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ခရီးသွားလုပ်ငန်းအတွက်လည်း အဆင့်မြှင့်တင်နိုင်ရေး ပြင်ဆင်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များ အဆင့်လိုက်ဖြေလျှော့ထားပြီးဖြစ်၍ မြောက်ဦးရှေးမြို့ဟောင်းနှင့် ငပလီ အပန်းဖြေကမ်းခြေများကို ခရီးသွားများ စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**ပန်းတိုင်အထွက်နှုန်း**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံတစ်မျိုးချင်းအလိုက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ ၊ နွေစပါးတင်း ၁၂၀ စသဖြင့် သတ်မှတ်ပေးထားရာ မြေပြင်အမှန်ထွက်ရှိသည့် သီးနှံအထွက်များကို ပန်းတိုင်အထွက်နှုန်းနှင့် နှိုင်းယှဉ်သုံးသပ်၍ ပြည့်မီအောင် ထွက်ရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် မတ်ပဲအထွက်နှုန်း ကောင်းမွန်သော မှတ်တမ်းကောင်းရှိ၍ ပိုမိုထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျောက်တော်တွင် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းကိုလည်း ဒေသစိုက်ပျိုးရေးအတွက် အားကိုးအားထားပြုရသည့် ပညာရှင်များ မွေးထုတ်နိုင်ရေး လုပ်ဆောင်ကြရန်လိုကြောင်း။

**သဘာဝဘေးအန္တရာယ်**

သဘာဝဘေးအန္တရာယ် ကျရောက်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းတိုက်ခတ်မှုကို ကြုံတွေ့ရတတ်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည် အတိအကျ ကြိုတင်သိရှိရန် ခက်ခဲပြီး တားဆီး၍မရနိုင်ကြောင်း၊ ယခုအခါ နည်းပညာအကူအညီရယူ၍ အနီးစပ်ဆုံး ကြိုတင်ခန့်မှန်းသိရှိနိုင်လာသဖြင့် မုန်တိုင်းနှင့်ပတ်သက်သောသတိပေးချက်ကို အရောင်သတ်မှတ်ချက်များဖြင့် ထုတ်ပြန်သတိပေးမှုများ ဆောင်ရွက်လာနိုင်ကြောင်း၊ အကြမ်းဖျင်းအားဖြင့် အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်ဖြစ်ကြောင်း၊ လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်ဖြစ်ကြောင်း၊ အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာယူရန်ဖြစ်ကြောင်း၊ အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်ဖြစ်ကြောင်း၊ အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်းဖြင့် သတ်မှတ်ထားပါကြောင်း၊ သတိပေးချက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိအောင်လုပ်၍ ကာကွယ်မှုများ လုပ်ဆောင်ရန်လိုကြောင်း၊ မုန်တိုင်းဖြစ်ပေါ်လာပါက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ပါ အစီအမံများအတိုင်း လုပ်ဆောင်ရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန်မှာ ဇာတ်တိုက်လေ့ကျင့်မှုကို အသားကျအောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုရှိမှသာ ထိခိုက်ဆုံးရှုံးမှု

စာမျက်နှာ ၅ သို့

- ❖ **ရေလုပ်ငန်းသည် ပြည်နယ်၏အားသာချက်တစ်ခုအဖြစ် ဒေသခံပြည်သူအများစု လုပ်ကိုင်သောလုပ်ငန်းဖြစ်**
- ❖ **မိရိုးဖလာသမားရိုးကျ လုပ်ကိုင်မှုအစား သိပ္ပံနည်းကျ အဆင့်မြှင့်တင်၍ ကျွမ်းကျင်သောအတတ်ပညာရှင်များ၏ အကူအညီရယူ၍ စီးပွားဖြစ် ငါး၊ ပုစွန်၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ လျင်မြန်စွာကောင်းမွန်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်**
- ❖ **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များ အဆင့်လိုက်ဖြေလျှော့ထားပြီးဖြစ်၍ မြောက်ဦးရှေးမြို့ဟောင်းနှင့် ငပလီ အပန်းဖြေကမ်းခြေများကို ခရီးသွားများ စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှ

ရင်းနှီးစွာနေထိုင်၍ ပူးပေါင်းကာကွယ်မှုကြောင့်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်တစ်ခုလုံးကို လွှမ်းခြုံကာကွယ်နိုင်ရန်လည်း ရရှိသော နိုင်ငံတော်ဘတ်ဂျက်အတွင်းမှ တပ်မတော်(ရေ)ကို တစ်ဆင့်ချင်း အဆင့်မြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများကြောင့် ဒေသခံ တိုင်းရင်းသား ပြည်သူများစွာမှာ လူမှုရေး၊ စီးပွားရေး ပိုင်းဆိုင်ရာများ များစွာထိခိုက်နစ်နာခဲ့ရပြီး မငြိမ်းချမ်းမှုများကို ခါးသီးစွာခံစားခဲ့ရကြောင်း၊ ထပ်မံမဖြစ်ပွားစေရေး တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်မှု၊ ငြိမ်းချမ်းစွာနေထိုင်ရမှု စသည့် ခံစားချက်များ မပျက်စေရေးအတွက် အတတ်နိုင်ဆုံး ထိန်းထိန်း သိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ကိုယ်တိုင်တွေ့ဆုံနိုင်ရေး ဖိတ်ခေါ်ခဲ့မှုအပေါ် ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူတို့၏ဆန္ဒကို သဘောပေါက်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၅)ဖွဲ့မှ ခေါင်းဆောင်များ၊ အဆုံးအဖြတ်ပေးနိုင်သော ကိုယ်စားလှယ်များ နေပြည်တော်သို့ လာရောက်၍ နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆွေးနွေးရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးစသည့် အခြေခံ နှစ်ချက်ဖြင့် ဦးတည်ဆွေးနွေးခဲ့ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ အာဏာကို ခွဲဝေကျင့်သုံးမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မများအနက်မှ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သောအချက်များ၊ ဇယား(၁/၂/၃/၅)ပါ အချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကောင်းမွန်တိုးတက်ရန်မှာ တည်ငြိမ်မှုရှိရန် အဓိကအရေးကြီးကြောင်း၊ တည်ငြိမ်မှု ရှိစေရန်မှာ ငြိမ်းချမ်းမှသာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ဖိတ်ခေါ်ထားပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖိတ်ခေါ်ထားပါကြောင်း၊ အဓိက အနှစ်သာရမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းပြီး ယင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ အမြန်ဆုံး ရောက်ရှိရန်ဖြစ်ကြောင်း။

လုံခြုံရေးနှင့်ပတ်သက်ပြီး တပ်မတော်သားများဖြစ်ကြ၍ ၂၄ နာရီ တာဝန်ရှိသူများဖြစ်သဖြင့် ပေးအပ်ထားသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လုံခြုံရေးသည် ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ လုံခြုံရေးသည် တတိယဟူသော အသိစိတ်ဖြင့် သတိရှိရှိ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ဖွဲ့စည်းပေးထားသည့် လက်ရုံးဝန်ထမ်းတပ်များအနေဖြင့်လည်း မူလရည်မှန်းချက်နှင့် တာဝန်များကို ပိုင်နိုင်ကျွမ်းကျင်နေရန် လိုကြောင်း၊ အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ခြင်းတို့ဖြင့် မိမိတို့တာဝန်ယူသည့် နယ်မြေကို တပ်ရင်း/ တပ်ဖွဲ့အလိုက်၊ တပ်နယ်အလိုက် စနစ်တကျဆောင်ရွက်နေခြင်းဖြင့် ပြည်နယ်တစ်ခုလုံး လုံခြုံမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ပြင်ပတွင် စာမသင်ကြားခဲ့ရသော တပ်မတော်သားအချို့ကို ပထမအဆင့် ရေး/ဖတ်၊ ဒုတိယအဆင့် မူလတန်း၊ တတိယအဆင့် အလယ်တန်း အတန်းများ

**စာမျက်နှာ ၆ သို့ ☆**

- **ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်တစ်ခုလုံးကို လွှမ်းခြုံကာကွယ်နိုင်ရန်လည်း ရရှိသော နိုင်ငံတော်ဘတ်ဂျက်အတွင်းမှ တပ်မတော်(ရေ)ကို တစ်ဆင့်ချင်း အဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**
- **တပ်မတော်အနေဖြင့် ပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်မှု၊ ငြိမ်းချမ်းစွာနေထိုင်ရမှု စသည့် ခံစားချက်များ မပျက်စေရေးအတွက် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိ**

❍ စာမျက်နှာ ၄ မှ

အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မုန်တိုင်းပြီးဆုံးချိန် ဆောင်ရွက်ရမည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စီမံချက်နှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း။

### ရွေးကောက်ပွဲကျင်းပနိုင်ရေး

ပန်းခင်းစီမံချက်ပြုလုပ်မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်ပါ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးမှာ မဲပေးပိုင်ခွင့်ရှိသူတစ်ဦးချင်း၏ ရှိရမည့် နိုင်ငံသားစိစစ်ရေးကတ်သည် အရေးကြီးကြောင်း၊ စိစစ်ရေးကတ်သည် သတ်မှတ်အသက်အရွယ်အလိုက် တစ်ဦးလျှင် တစ်ကတ်သာရှိရမည်ဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ စိစစ်ရေးကတ်ရှိမှသာလျှင် မဲပေးနိုင်မည်ဖြစ်ကြောင်း၊ ဖောင်းပွမှုမရှိစေရေး၊ မှန်ကန်မှုရှိစေရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းများကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ပြုလုပ်ရန်အစီအစဉ်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်း စတင်အကောင်အထည်ဖော်ချိန်တွင်လည်း တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများကလည်း တစ်ထောင့်တစ်နေရာက ပါဝင်ကူညီဆောင်ရွက်ပေးကြရန် ကြိုတင်မှာကြားလိုပါကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိမှု၌ ရခိုင်ပြည်နယ်အားကစားသမားများ ပါဝင်မှုအတွက် အသိအမှတ်ပြုအားပေးပါကြောင်း၊ အားကစားပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်သူများကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်၍ အခမ်းအနားဖြင့် ထိုက်တန်စွာ ဆုချီးမြှင့်မှု ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အတွင်း ထူးချွန်သူများ ထပ်မံပေါ်ထွက်လာစေရန် လေ့ကျင့်မွေးမြူသွားရန်လိုကြောင်း၊ လေ့ကျင့်ရာတွင်လည်း ပြည်နယ်စံချိန်၊ နိုင်ငံတော်စံချိန်နှင့် အရှေ့တောင်အာရှအဆင့်မှသည် ကမ္ဘာ့စံချိန်အထိ ရည်မှန်း၍ စံချိန်ချိုးနိုင်မည့် အနေအထားတစ်ခုအထိရောက်ရှိရေး ကြိုးစားလေ့ကျင့်ရန်လိုကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် ဂုဏ်တစ်ရပ်ဖြစ်၍ အားကစားကဏ္ဍကို မြှင့်တင်ရန်လိုကြောင်း။

### ဖိတ်ခေါ်မှုများပြုခဲ့

ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု စီးပွားရေး၊ နိုင်ငံရေးအားကောင်းစေရန် အခြေခံလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းမှုပင်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများမရှိရန်လိုကြောင်း၊ ကမ္ဘာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများကို ကြည့်ပါက လက်နက်ကိုင်ပဋိပက္ခများမရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်၍ ပြည်သူများ အေးချမ်းသာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေး မရှိမဖြစ်လိုအပ်သော ထာဝရငြိမ်းချမ်းရေး ရရှိရန် မည်သည့်ကန့်သတ်ချက်မျှမထားဘဲ ဆွေးနွေးနိုင်ရန် ပြီးခဲ့သည့် ဧပြီလ ၂၂ရက်နေ့က နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်မှုများ ပြုခဲ့ကြောင်း။

### ဆွေးနွေးမှုများ ပြုလုပ်နေ

ယခုအချိန်အထိ အေးချမ်းစွာ နေထိုင်လိုကြသည့် ငြိမ်းချမ်းရေးအနှစ်သာရကို မပျက်စီးစေလိုကြသည့် နိုင်ငံသူ နိုင်ငံသားများ၏ ဆန္ဒအမှန်ကို သိရှိနားလည်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၅)ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည့်အပြင် ရခိုင်ပြည်နယ်အတွင်းမှ ALP အဖွဲ့သည် နေပြည်တော်မှ လာရောက်ကြိုဆိုပေးသည့် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ သွားရောက်၍ နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ ကျန်ရှိသော EAO များကိုလည်း ဆက်လက်လက်ခံတွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရှိကြစေလိုပါကြောင်း။

ပညာရေးကဏ္ဍကိုကြည့်လျှင်လည်း ရခိုင်ပြည်နယ်သည် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများထက် ပညာသင်ကြားသည့် ကျောင်းသားကျောင်းသူ၊ သင်ကြားပေးရသည့် ဆရာ ဆရာမ အခြေအနေများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့၏ အဆင့်မြင့် ပညာသင်ကြား သင်ယူနေမှုများသည် ပိုမို၍ တိုးတက်များပြားသည်ကို တွေ့ရကြောင်း၊ ယင်းသည် ပြည်နယ်အတွင်း သင့်တင့်သည့် တည်ငြိမ်အေးချမ်းမှုကြောင့် ဖြစ်သည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး ရရှိပြီးသော တည်ငြိမ်မှုကို မပျက်စီးရအောင် ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ပြည်နယ်သူ ပြည်နယ်သားများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

### အဂတိတရားကင်းစွာဖြင့်

ပြည်နယ်အစိုးရအဖွဲ့သည် ပြည်သူအပေါ် မိသားစုစိတ်ဖြင့် ဦးစီးဦးဆောင်ပြုကာ ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးမှစ၍ ပံ့ပိုးစောင့်ရှောက်ပေးရန်လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနအကြီးအကဲများမှ အောက်ခြေအထိ အဂတိတရားကင်းစွာဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်၍ ပြည်သူအပေါ် ဝန်ဆောင်မှုပေးရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်၏ ယုံကြည်ကိုးစားမှုရရှိအောင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✰ စာမျက်နှာ ၅ မှ
သင်ကြားတတ်မြောက်ရေးအတွက် နှစ်ကာလအလိုက် သတ်မှတ်သင်ကြားပေးခဲ့ကြောင်း၊ လုံခြုံရေးတာဝန်များနှင့် သီးခြားပေးအပ်သော လုပ်ငန်းတာဝန်များကို လုပ်ငန်းခွင်မပြတ်တာဝန်ထမ်းဆောင်ရင်း ပညာတတ်မြောက်ရေး ဦးစားပေးသင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှသာ တပ်ဆင်ပေးထားသည့် ခေတ်မီလက်နက်ကိရိယာများ၏ စွမ်းပကားကို ကောင်းစွာအသုံးချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ထားသည့် မဖြစ်မနေ KG+ 9 အဆင့် အောင်မြင်ရန် မိဘများ၏ ကြပ်မတ်မှု၊ တာဝန်ရှိသူများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ KG+9 အဆင့် အောင်မြင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများသို့ တက်ရောက်၍ လုပ်ငန်းခွင်ဝင်ရောက်နိုင်ခြင်း၊ တစ်ဖက်တွင်လည်း အထက်တန်းအဆင့်မှတစ်ဆင့် အဆင့်မြင့်ပညာရေးအဆင့်သို့ ရယူတက်လှမ်းနိုင်ကြောင်း။

**ထမ်းဆောင်နိုင်မည်**

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ တပ်မတော်သားတို့၏ လုပ်ငန်းသဘောသဘာဝအရ ကျန်းမာကြံ့ခိုင်နေရန် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိသားစုအရေး၊ နိုင်ငံအရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နယ်မြေအတွင်း ဆေးတပ်ရင်း၊ ဆေးရုံတို့ဖြင့် ဖွဲ့စည်းပေးထား၍ ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးတွင်းကာလ မိုးရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ ကျန်းမာရေးအသိရှိစွာဖြင့် ကြိုတင်ကာကွယ်သွားရန်လိုကြောင်း၊ ကျန်းမာရေးအတွက် တစ်ဦးချင်းနှင့် မိသားစုအလိုက် ကိုယ်တိုင်ထိန်းသိမ်း ဂရုစိုက်၍ နေထိုင်စားသောက်သွားကြရန်လိုကြောင်း။

❖ **နယ်မြေအတွင်း ဆေးတပ်ရင်း၊ ဆေးရုံတို့ဖြင့် ဖွဲ့စည်းပေးထား၍ ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ**

❖ **မိုးတွင်းကာလ မိုးရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ ကျန်းမာရေးအသိရှိစွာဖြင့် ကြိုတင်ကာကွယ်သွားရန်လို၊ ကျန်းမာရေးအတွက် တစ်ဦးချင်းနှင့် မိသားစုအလိုက် ကိုယ်တိုင်ထိန်းသိမ်းဂရုစိုက်၍ နေထိုင်စားသောက်သွားကြရန်လို**

❖ **တပ်မတော်သားများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန် စစ်ပညာအပြင် လိုအပ်သော အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးလျက်ရှိ**

❖ **ထိုသို့သင်ကြားပေးရာတွင် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (ROE) ဆိုင်ရာများကိုပါ သင်ကြားပေးထားပြီးဖြစ်၍ (ကြည်း၊ ရေ၊ လေ) တပ်မတော်တစ်ရပ်လုံး စောင့်ထိန်းလိုက်နာရန်လို**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပေါ်လာမှုကို တုံ့ပြန်နိုင်ရန် အသိရှိနေရမည်ဖြစ်ပြီး သက်ဆိုင်ရာ၏ သတိပေးချက်များကို လိုက်နာရန်လိုသလို စဉ်ဆက်မပြတ်လည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်နေရန်လိုကြောင်း။

လေ့ကျင့်သင်ကြားပေးနေမှုများနှင့်ပတ်သက်၍ တပ်မတော်သားများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန် စစ်ပညာအပြင် လိုအပ်သော အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့သင်ကြားပေးရာတွင် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (ROE) ဆိုင်ရာများကိုပါ သင်ကြားပေးထားပြီးဖြစ်၍ (ကြည်း၊ ရေ၊ လေ) တပ်မတော်တစ်ရပ်လုံး စောင့်ထိန်းလိုက်နာရန်လိုကြောင်း၊ အမြဲသိရှိလိုက်နာနိုင်ရေး မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် အိတ်ဆောင်ကတ်ပြားများလည်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ အလားတူ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ ကိစ္စရပ်များကိုလည်း သိရှိအောင် သင်ကြားပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တော်တိုင်း လိုက်နာကျင့်ကြံရသည့် ကျင့်ဝတ်အပါး ၆၀ သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ၊ လူ့အခွင့်အရေးဆိုင်ရာများနှင့် ROE ဆိုင်ရာအချက်အလက်များ ဆက်စပ်ပါဝင်နေသည်ကို တွေ့နိုင်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့အဆင်ပြေစေရန် စီမံခန့်ခွဲပေးပြီး တပ်အပေါ် မိသားစုစိတ်ဖြင့် သံယောဇဉ်တရားဖြစ်ပေါ်လာအောင် တည်ဆောက်သွားရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် တပ်နယ်များအလိုက် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ဘူးသီးတောင်တပ်နယ် နယ်မြေခံတပ်ရှိ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား စာပေသင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ ကျောက်တော်တပ်နယ် နယ်မြေခံတပ်ရင်းရှိ မိသားစုအိမ်ထောင်သည် လိုင်းခန်းများသို့ သွားရောက်၍ ရဲမေ၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုဝန်ကြီးဌာနရုံးများနှင့် ဌာနဆိုင်ရာရုံး/ အဆောက်အအုံများ မီးဘေးလုံခြုံမှုရှိစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့် အနှောင့်အယှက် အဟန့်အတားဖြစ်သော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန်ရည်ရွယ်၍ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager Course for Government Officials) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

**သင်ကြားပို့ချပေးသွားမည်**

အဆိုပါသင်တန်း၌ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအပါအဝင် မီးလောင်မှုအခြေခံသဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်းနှင့် အတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းများ၊ အခြေခံမီးငြိမ်းသတ်နည်းစနစ်များ၊ မီး၊ ရေနှင့် အပူတို့၏ အခြေခံသဘောတရားများ၊ မီးဘေးလုံခြုံရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးစီမံချက် (Emergency Response Plan) ရေးဆွဲခြင်းများ၊ ဘေးအန္တရာယ်ရှိဓာတုပစ္စည်းအတန်းအစား ခွဲခြားခြင်းများ၊ ရုံး/ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးများ၊ ကျေးလက်/ မြို့ပြ မီးဘေးလုံခြုံရေးများ၊ အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်များ၊ အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးသတ်စက်ကလေး လေ့ကျင့်ခန်းများ စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး မီးသတ်ယာဉ်/ စက်ယန္တရားများဖြင့် သရုပ်ပြခြင်းများကို မီးသတ်ဦးစီးဌာနရှိ အရာရှိကြီးများက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။



ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သည့် မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်းသို့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းသင်တန်းသား ၄၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်နိုင်ဝင်း**

# တိုက်ကြီးမြို့နယ် ပိတောက်တန်းကျေးရွာတွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**တိုက်ကြီး ဇွန် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု ပိတောက်တန်းကျေးရွာ ရှမ်းတောကြီးဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၃ ရက် နံနက်ပိုင်းက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည်၊ ရေချိုးဆပ်ပြာနှင့် ဘက်စုံသုံးဆပ်ပြာ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းက နည်းပညာပံ့ပိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ငါးရက်တာ ကြာမြင့်မည်**

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာနေပြည်သူ ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်တာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ရေချွေတာရေး နည်းလမ်းများ

❖ **သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။**

❖ **သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။**

❖ **ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**

❖ **ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်





**နေပြည်တော် ဇွန် ၁၃**

၂၀၂၂ ခုနှစ် (၄၃)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေးနှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို အနိုင်ရရှိသွားသည်။

**ပေးအပ်ချီးမြှင့်**


ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် အတိုးတက်ဆုံးဆု ရရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ကို မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှဌေးကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် အတိုးတက်ဆုံးဆုရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအသင်း တို့ကို မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သည့် ရခိုင်ပြည်နယ်အသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က လည်းကောင်း၊ ပြိုင်ပွဲတွင် တက်သစ်စ အားကစားသမားဆုရရှိခဲ့ကြသူများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး တို့ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။


**တံခွန်စိုက်ဒိုင်းဆု**

ဆက်လက်၍ နှစ်သိမ့်ဆုရရှိခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအသင်းတို့ကို ငွေသားဆုကျပ်တစ်သိန်းစီနှင့် အမျိုးသမီးလေးပေါက်တန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ငွေသားဆုကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငွေသားဆုကျပ် ၁၀ သိန်း၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းကို ငွေသားဆုကျပ် ခုနစ်သိန်းနှင့် ဆုတံဆိပ်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး ကလည်းကောင်း၊ အမျိုးသား ခြောက်ပေါက်တန်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ငွေသားဆုကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို ငွေသားဆု ကျပ် ၁၀ သိန်း၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းကို ငွေသားဆုကျပ် ခုနစ်သိန်းနှင့် ဆုတံဆိပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးဆု ရရှိသော အေးအေးသန်း (မန္တလေးတိုင်းဒေသကြီး)နှင့် အမျိုးသား အကောင်းဆုံးဆုရရှိသော ဇော်ဝင်းမောင် (ရန်ကုန်တိုင်းဒေသကြီး) အသင်းတို့ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ဦးမောင်းဟာတို့က ဆုတံဆိပ်နှင့် ငွေသားဆုကျပ် တစ်သိန်းစီကို လည်းကောင်း၊ အမျိုးသား တံခွန်စိုက်ဒိုင်းနှင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးခင်မောင်ဆွေ တို့က တံခွန်စိုက်ဒိုင်းဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၈) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**ရန်ကုန် ဇွန် ၁၃**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၈)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင် ဦးစစ်အေး၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးဇော်ဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့်အတွက် အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များကို ပုံသွင်းပေးရသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့်အတွက် ယခုကဲ့သို့ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို ပြန်လည်ဖွင့်လှစ်လေ့ကျင့်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သည့်အတွက် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှပါသော အခြေခံပညာ ဆရာ ဆရာမများ အနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မူဝါဒ၊ ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားလာစေရေး၊ မျိုးဆက်သစ်လူငယ်များကို ထိန်းကျောင်းလေ့ကျင့်ပေးရာတွင် အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်နှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ စံနမူနာပြဖြစ်စေရန် ရည်ရွယ်ပါကြောင်း။

အရည်အသွေးပြည့်ဝသည့် တပည့်များ မွေးထုတ်နိုင်ရန်အတွက်လည်း မိမိကိုယ်တိုင် အရည်အသွေးရှိရန်၊ အရည်အသွေးပြည့်ဝနေရန်အတွက် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ကိုက်ညီစေမည့် ပညာရပ်များ၊ ဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရန်လိုကြောင်း။

တက္ကသိုလ်နှင့် ဝန်ကြီးဌာနအသီးသီးမှ ပို့ချပေးသည့် ဘာသာရပ်သင်ခန်းစာများကို လေ့လာမှတ်သားဆည်းပူးပြီး တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးခြင်း၊ သင်ကြားမှုနှင့် အုပ်ချုပ်စီမံမှု အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခွင့်ရရှိခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ဒေသန္တရဗဟုသုတများကိုဖလှယ်ခွင့်ရရှိမည်ဖြစ်သကဲ့သို့ အတွေးအမြင်များ ဖလှယ်ခွင့်ရရှိနိုင်ပြီး အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်မှု၊ ခင်မင်ရင်းနှီးမှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းမှ ချမှတ်သော စည်းကမ်းများနှင့်အညီ နေထိုင်လေ့လာသင်ယူသွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၃၀ စုစုပေါင်း၄၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်း (ရွှေပြည်သာမြို့နယ်) နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာအစည်းအဝေး ကျင်းပ

**ရွှေပြည်သာ ဇွန် ၁၃**

မြန်မာနိုင်ငံစာရေးဆရာအသင်း(ရွှေပြည်သာမြို့နယ်)နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် မြို့နယ် စာရေးဆရာအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ မောင်စိမ်းနောင်(လယ်ဝေး)တို့က အဖွင့်အမှာစကားများပြောကြားပြီး ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်မောင်အုန်း(လယ်ဝေး)က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ မရည်မွန်(ကျုံပျော်)က ရှင်းလင်းဖတ်ကြားပြီး ဘဏ္ဍာရေးအစီရင်ခံစာအား နိုင်ခင်ရွှေက ရှင်းလင်းတင်ပြ၍ အသင်းဝင် စာရေးဆရာများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အသင်းအမှုဆောင်များအား ပြန်လည်ရွေးချယ်ခဲ့ကြရာ မရည်မွန်(ကျုံပျော်)က မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မောင်ထည်ဝါ(ပျော်ဘွယ်)က ဒုတိယဥက္ကဋ္ဌ၊ ချိုပန်းချီ(ပညာရေး)က အတွင်းရေးမှူး၊ နိုင်ခင်ရွှေက ဘဏ္ဍာရေးမှူးနှင့် ကိုအောင်(မြင်းကမြေ)နှင့် မတင်စန္ဒာတို့ကို အသင်းအမှုဆောင်များအဖြစ် ရွေးချယ်ခဲ့ကြသည်။ စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌသစ် မရည်မွန်(ကျုံပျော်)ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလွန် ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် အားကစားလုပ်ငန်းများ

ကိုငွေး(ကနောင်)

**ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ နှစ်နှစ် တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် ဒေသတွင်းအားကစားပြိုင်ပွဲကြီးတွင် ထိုက်သင့်သည့်အောင်မြင်မှုများရရှိစေရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့်ပူးပေါင်းပြီး တစ်နှစ်ကျော်ခန့် ကြိုတင်ပြင်ဆင်စခန်းသွင်း လေ့ကျင့်ခဲ့ကြသည်။**

ဝန်ကြီးဌာနအနေဖြင့် ပြိုင်ပွဲမတိုင်မီကတည်းက ဆုတံဆိပ် ရရှိနိုင်မှု မျှော်မှန်းချက်အဖြစ် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၀ စုစုပေါင်း ဆုတံဆိပ် ၆၀ ရရှိရန် မျှော်မှန်းထားကြောင်း ကြိုတင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခု ရရှိခဲ့သည့်အတွက် ဝန်ကြီးဌာနမှ ကြိုတင်မျှော်မှန်းထားသည့် ဆုတံဆိပ်အတိုင်း ရယူနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ရရှိခဲ့သည့် ဆုတံဆိပ်များအနက် ရွှေတံဆိပ်အရေအတွက်သာ အနည်းငယ်လျော့နည်းခဲ့သော်လည်း ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှုအနေဖြင့် မျှော်မှန်းချက်အတိုင်း ပြည့်မီစွာ ရရှိခဲ့ပါသည်။ ပြိုင်ပွဲထုံးစံအတိုင်း ရွှေမျှော်မှန်း အားကစားနည်းများ ငွေတံဆိပ်ဖြစ်သွားခြင်း၊ ငွေမျှော်မှန်းအားကစားနည်းများ ကြေးတံဆိပ်ဖြစ်သွားခြင်းများကြောင့် မျှော်မှန်းဆုတံဆိပ် အနည်းငယ်အပြောင်းအလဲ ဖြစ်သွားခြင်းများ ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေ မျှော်မှန်းထားသည့် ဆုတံဆိပ်အရေအတွက်အတိုင်း ရယူနိုင်ခဲ့ကြသည်ဖြစ်၍ အားလုံးတာဝန်ကျေခဲ့ကြပါသည်။



(၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ မေ ၁၃ ရက်က ယှဉ်ပြိုင်ကစားကြစဉ်။

## ယခုနှစ် SEA Games ပြိုင်ပွဲ၏ ထူးခြားချက်

ယခုနှစ် SEA Games ပြိုင်ပွဲကြီး၏ ထူးခြားချက်တစ်ခုမှာ ပုံမှန် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ယခင်က အစဉ်အလာမရှိခဲ့သည့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းအား ရှုံးနိမ့်ပြီး တတိယနေရာကို လက်လွှတ်ခဲ့ရသည့်အတွက် ဘောလုံးချစ်ပရိသတ်များ၏ မကျေမနပ်ရင်ဖွင့်သံများကိုလည်း ကြားသိမြင်တွေ့ခဲ့ရပါသည်။ ထို့ပြင် ပြိုင်ပွဲတွင် ဘောလုံး (ကျား၊ မ)၊ ဖူဆယ် (ကျား၊ မ)၊ စစ်တုရင်၊ ဂေါက်သီး၊ ဘော်လီဘောနှင့် E-Sports အားကစားနည်းများ အနေဖြင့် ဆုတံဆိပ်များနှင့် ဝေးကွာခဲ့ရပါသည်။

**အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှု ရလဒ်**

ပြိုင်ပွဲကြီးတစ်ခုလုံးအား သုံးသပ်ရလျှင် အားကစားဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၏ အုပ်ချုပ်စီမံမှု၊ တွန်းအားပေး ကြပ်မတ်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုကောင်းမွန်ခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်မှုများကြောင့် အားကစားနည်း ၂၀ မှ ပြိုင်ပွဲဝင်အားကစားသမား ၂၉၃ ဦးအနက် အားကစားသမား ၁၁၆ ဦးက ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အတွက် ပျမ်းမျှအားဖြင့် ပြိုင်ပွဲဝင်အားကစားသမားသုံးဦးလျှင် တစ်ဦးက နိုင်ငံအတွက် ဆုတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ခြင်းဖြစ်၍ ယခုနှစ် SEA Games ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ တာဝန်ကျေခဲ့ကြပါသည်။

## နည်းလမ်းပေါင်းစုံ ဝိုင်းဝန်းကြိုးပမ်းအဖြေရှာ

(၃၁) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သလို လာမည့်နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ယခုထက် ဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် (၇)နေရာမှ အထက်သို့ တက်လှမ်းနိုင်ရေးအတွက် အားကစားဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းအဖြေရှာကြဖို့ လိုအပ်နေပြီဟုလည်း ဆိုချင်ပါသည်။ မည်သည့်ပြိုင်ပွဲအမျိုးအစားတွင်မဆို ပြိုင်ပွဲပြီးဆုံးပါက အားနည်းချက်၊ အားသာချက်များကို အပြုသဘောခြုံငုံသုံးသပ်၍ လာမည့်ပြိုင်ပွဲများအတွက် ပြန်လည်ပြင်ဆင်ရခြင်းမှာလည်း လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို မမေ့သင့်ပါ။

## ပြိုင်ပွဲတွင် ဆုတံဆိပ်လျော့နည်းရခြင်း အကြောင်းရင်းများ

မြန်မာနိုင်ငံအနေဖြင့် SEA Games ပြိုင်ပွဲတိုင်းတွင် အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှုလျော့နည်းခြင်းနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ပုံမှန်ရပ်တည်နေခြင်း အကြောင်းရင်းများကို ဆန်းစစ်ပါက အောက်ပါအချက်များအပေါ် သုံးသပ်အဖြေရှာ၍ ရေတို/ရေရှည်အစီအမံများဖြင့် ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်မည်ဟုလည်း မြင်မိပါသည်-

**(၁) အားကစားနည်းအလိုက်မျိုးဆက်သစ် ပေါ်ထွက်မှု အားနည်းခြင်း**

လွန်ခဲ့သည့် ဆယ်စုနှစ် (၃/၄) ခုလောက်မှစ၍ မြန်မာ့အားကစား တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ကျဆင်းလာရသည့် အကြောင်းရင်း များစွာရှိသည့်အနက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းလာရခြင်းမှာ အဓိကအကြောင်းရင်းဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် ပြေးခုန်ပစ်နှင့် ရေကူးအားကစားသမား မျိုးဆက်သစ်ပေါ်ထွက်မှု သိသာစွာနည်းပါးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ယခု ကျင်းပပြီးစီးခဲ့သည့် SEA Games ပြိုင်ပွဲတွင် ရေကူးအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခဲ့ခြင်းမှာ သိသာလှသည့် သာဓကဖြစ်ပြီး ပြေးခုန်ပစ်အားကစားနည်းအနေဖြင့် အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခြင်းကြောင့် နိုင်ငံအလိုက် အဆင့် (၇) နေရာမှ အထက်သို့ မတက်နိုင်ရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ပြေးခုန်ပစ်ပြိုင်ပွဲမှ (ကျား+မ) ပြိုင်ပွဲ နှစ်ရပ်ပေါင်း ရွှေတံဆိပ် ၄၆ ခု ချီးမြှင့်ခြင်းဖြစ်ပြီး ရေကူးပြိုင်ပွဲတွင်လည်း ဒိုင်ဗင်အားကစားနည်းအပါအဝင် (ကျား+မ) ပြိုင်ပွဲ နှစ်ရပ်ပေါင်း အများဆုံး ရွှေတံဆိပ် ၆၀ ကျော်အထိ ချီးမြှင့်ခြင်းဖြစ်သည့်အတွက် အားကစားနည်း နှစ်ခုမှ ရွှေတံဆိပ် ၁၀၀ ကျော် ချီးမြှင့်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် တစ်ခုပင် ရယူနိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရပါသည်။

အဆိုပါ အားကစားနည်း နှစ်မျိုးမှ ပြိုင်ပွဲဝင်နိုင်ငံအများစုအနေဖြင့် ဆုတံဆိပ်များ အချိုးကျခွဲဝေယူသွားခဲ့ခြင်းကြောင့် ပြိုင်ပွဲမစတင်မီကတည်းက အဆင့်(၁)မှ အဆင့် (၆) အထိ မြန်မာနိုင်ငံအထက်မှ ရပ်တည်နေသည့် ပြိုင်ဘက်နိုင်ငံများက ရွှေတံဆိပ် ၁၀ ခု အထက်ကို ပြေးခုန်ပစ်နှင့် ရေကူးအားကစားနည်းများမှ အချိုးကျ ခွဲဝေရယူသွားကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပြေးခုန်ပစ်နှင့် ရေကူးအပါအဝင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း ရေတိုရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ထို့ပြင် အသင်းလိုက်အားကစားနည်းများဖြစ်ကြသည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ဖူဆယ်၊ ခရစ်ကက်တို့သည် အနည်းဆုံးကစားသမား အင်အား ၁၀ ဦးအထက် ရွေးချယ်ယှဉ်ပြိုင်ရပြီး ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိရန် မသေချာသည့်အတွက်လည်းကောင်း၊ အခြားပြိုင်ဘက်အသင်းများနှင့်ယှဉ်လျှင် ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အသင်းလိုက်လုပ်ဆောင်မှု၊ နည်းစနစ်/နည်းဗျူဟာများနှင့် အရပ်အနိမ့်အမြင့် ကွာဟမှုများကြောင့်လည်းကောင်း တဖြည်းဖြည်း အဆင့်နိမ့်ကျလာသည်ကိုလည်း ရေတို/ရေရှည် စီမံကိန်းများ ချမှတ်၍ ပြင်ဆင်ဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

မြန်မာ့အားကစား ရွှေခေတ်ကာလများကို ပြန်ကြည့်ပါက နိုင်ငံအတွက် ဆုတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့သည့် အားကစားနည်းများတွင် ပြေးခုန်ပစ်အားကစားနည်းအနေဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိနေသည်ကို မှတ်တမ်းမှတ်ရာများမှ သက်သေခံလျက် ရှိနေပါသည်။ ၎င်းအပြင် ဘောလုံး၊ ရေကူး၊ သေနတ်ပစ်၊ အလေးမ၊ လက်ဝှေ့၊

စာမျက်နှာ ၉ သို့ ☆




(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသမီး (နှစ်ယောက်တွဲ)အသင်းလိုက် (Regu)ပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ မေ ၁၉ ရက်က ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြစဉ်။

**❝ရရှိခဲ့သည့် ဆုတံဆိပ်များအနက် ရွှေတံဆိပ်အရေအတွက်သာ အနည်းငယ်လျော့နည်းခဲ့သော်လည်း ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှုအနေဖြင့် မျှော်မှန်းချက်အတိုင်း ပြည့်မီစွာရရှိခဲ့ပါသည်။ ပြိုင်ပွဲထုံးစံအတိုင်း ရွှေမျှော်မှန်းအားကစားနည်းများ ငွေတံဆိပ်ဖြစ်သွားခြင်း၊ ငွေမျှော်မှန်းအားကစားနည်းများ ကြေးတံဆိပ်ဖြစ်သွားခြင်းများကြောင့် မျှော်မှန်းဆုတံဆိပ် အနည်းငယ်အပြောင်းအလဲ ဖြစ်သွားခြင်းများဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေ မျှော်မှန်းထားသည့် ဆုတံဆိပ်အရေအတွက်အတိုင်း ရယူနိုင်ခဲ့ကြသည်ဖြစ်၍ အားလုံး တာဝန်ကျေခဲ့ကြ❞**

# မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းအား BOTစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

ထားဝယ် ဇွန် ၁၃

မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းအား BOT စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရေပေးဝေရေးလုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) များ စိစစ်ရေးအဖွဲ့သို့ လာရောက်ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူအားလုံး ရေကောင်းရေသန့်နှင့် သောက်သုံးရေသည် အဓိကလိုအပ်လျက်ရှိကြောင်း၊ မြိတ်မြို့နယ်ရှိရေအရင်းအမြစ်မှ ဖြန့်ဝေလိုက်မည်ဆိုပါက ရေကောင်းရေသန့်ရရှိမည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များ၊ စက်မှုလက်မှုလုပ်ငန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း၊ ရေပေးဝေရေးနှင့်ပတ်သက်၍ ယခင်က ဆောင်ရွက်ထားရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ ကုမ္ပဏီများအနေဖြင့်လည်း လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်ပြီး တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယခုရှင်းလင်းဆွေးနွေးပွဲ၏ ရလဒ်များအပေါ်မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရမည်ကို အဖြေတစ်ခုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက စီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ တာဝန်ရှိသူများက စီမံကိန်းဧရိယာအတွင်းပါဝင်သည့် စားကျက်မြေပယ်ဖျက်ခွင့် ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း ပါဝင်သည့် မြေနေရာများနှင့်စပ်လျဉ်း၍ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်နှင့်လယ်ယာမြေအခြားနည်းအသုံးပြုခွင့်လျှောက်ထားမှုများအပေါ် စိစစ်ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ အခွန်ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

ရေတာရှည် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆွေးနွေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ မြို့နယ် သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်နိုင်က ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကိုလည်းကောင်း၊ တောင်ငူခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထွန်းက မုန်တိုင်းဘေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်း အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့ အမှတ် ၁ ရပ်ကွက်ရှိ ဓာတ်တော်ဘုရားကြီးဝင်း၌ မုန်တိုင်းသတင်းကြေညာခြင်း၊ အဆင့်ခွဲခြားခြင်း၊ ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ပြန်လည်နေရာချထားခြင်းတို့ကို သဏ္ဌာန်တူလေ့ကျင့်သည်။ ထို့အတူ မင်္ဂလာကန်တော်ကြီးအတွင်း ရေနစ်သူကို ကယ်ဆယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ အရေးပေါ်ယာဉ်ဖြင့် သယ်ဆောင်ခြင်း၊ ကုသခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မှော်ဘီမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

မှော်ဘီ ဇွန် ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သီးနှံအခြေခံယိုအမျိုးမျိုး တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်စိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးရဲဇော်ထွန်းတို့က သင်တန်းဆင်း အမှာစကားများ ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၈ မှ

ဘော်လီဘောနှင့် ကျွမ်းဘားအားကစားနည်းများသည်လည်း ရွှေရောင်လွှမ်းခဲ့သည့် အားကစားနည်းများ ဖြစ်ခဲ့ပါသည်။

**(၂) အားကစားနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်**

အားကစားနည်းအလိုက် မျိုးဆက်သစ်များပေါ်ထွက်မှု အားနည်းခဲ့ရခြင်းသည် အားကစားနှင့်ပညာရေး ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်မှု အားနည်းချက်ကြောင့် ဖြစ်ပါသည်။ လူငယ်လူရွယ် အမြောက်အမြား တစ်စုတစ်ဝေးတည်း ရှိနေသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် P.T ချိန်များတွင် အားကစားလေ့ကျင့်လိုက်စားခွင့် ပြည့်ပြည့်ဝဝမရရှိခြင်း၊ အားကစားနည်းအလိုက်/မေဂျာအလိုက် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ပြုလုပ်မပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင် အားကစားကွင်း/အားကစားရုံ၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံ ဆောင်ရွက်မပေးနိုင်ခြင်း၊ အားကစားဘာသာရပ်ကို သင်ကြားပေးမည့် P.E ဆရာများ လုံလုံလောက်လောက် ခန့်ထားမပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှသည် ကျောင်းသားအားကစားပွဲတော်များအထိ ပုံမှန်ကျင်းပမပေးနိုင်ခြင်းများသည်လည်း အားကစားနည်းအလိုက် မျိုးဆက်သစ်ပေါ်ထွက်ရန် အဓိကအဟန့်အတား/အားနည်းချက်များ ဖြစ်ပါသည်။ သို့ဖြစ်၍ အားကစားနှင့်ပညာရေး ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ယခင်က အားကစားနှင့်ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ကော်မတီအနေဖြင့် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးနှင့် အားကစားဌာနတို့ ပူးပေါင်းပြီး ခိုင်မာသည့်စီမံချက်များ ရေးဆွဲဆောင်ရွက်မှုအားနည်းခဲ့ခြင်းကြောင့် ကောင်းမွန်သည့်ရလဒ်များ ပေါ်ထွက်လာခြင်းမရှိခဲ့ပါ။ အဆိုပါ ကော်မတီအနေဖြင့်လည်း ပညာရေးဌာနမှ အဓိကတာဝန်ယူပြီး အားကစားဌာနမှ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်၍ အားကစားနှင့်ပညာရေး ထိထိမိမိ ပူးပေါင်းဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လည်း အထူးလိုအပ်နေပြီဖြစ်ပါသည်။



ရွှေတံဆိပ်ရရှိခဲ့သည့် သိန်းသန်းဦးအား ဆုယူအပြီး တွေ့ရစဉ်။



ကာယဗလကာယအလှအားကစားပြိုင်ပွဲ (+70)kg တွင် မောင်ရဲထွန်းနောင် ယှဉ်ပြိုင်နေစဉ်။

အားကစားနှင့်ပညာရေး ထိထိမိမိပူးပေါင်းဆောင်ရွက်နိုင်မှုမရှိ၍ အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှုအားနည်းခြင်း၏ အကျိုးဆက်ကြောင့် နှစ်နှစ် တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် ဒေသတွင်းအားကစားပြိုင်ပွဲဖြစ်သော SEA Games ပြိုင်ပွဲ အပါအဝင် ASEAN University Games နှင့် ASEAN School Games ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုနှင့် အလှမ်းဝေးနေမည်သာ ဖြစ်ပါသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်သည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကိုလည်း တစ်နှစ်ထက် တစ်နှစ် တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ကျောင်း ရှစ်ကျောင်း ရှိပြီဖြစ်သည်။

လက်ရှိ ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ လွိုင်ကော်) များတွင် နှစ်စဉ်သင်တန်းသားများ ပုံမှန်ရွေးချယ်ခဲ့သော်လည်း ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမား ထွက်ပေါ်လာမှုနည်းပါးနေခြင်းအပေါ် အားကစားနည်းအလိုက် နည်းပြဆရာများ ခန့်အပ်တာဝန်ပေးမှု၊ နည်းပြများအနေဖြင့် သတ်မှတ်နည်းပြသင်တန်းများ တက်ရောက်ပြီးစီးမှု၊ နည်းပြအရည်အချင်းပြည့်ဝမှု၊ စေတနာထားဆောင်ရွက်မှုနှင့် အားကစားသမားအင်အားဖောင်းပွမှု စသည့်အခြေအနေများကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်လှပေသည်။

(ဆက်လက်ဖော်ပြပါမည်)

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ငြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာပဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ ၂၉၆၀ ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မိဘပြည်သူများသို့ အသိပေးကြေညာ

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးတွင် ၂၀၂၂ ပညာသင်နှစ်၊ အဝေးသင်သင်တန်းအတွက် ပထမနှစ်(၂၀၁၉ အောင်)၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းအပ်ရန်ကျန်ရှိသူများနှင့် ပထမနှစ်(၂၀၂၀ အောင်) သင်တန်းများအတွက် (၁၃-၆-၂၀၂၂ )ရက်နေ့မှ စတင်၍ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ အခြေခံစာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနား ကျင်းပ


**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ အခြေခံစာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပျိုးခင်းနှင့်တူသည့်စာကြည့်တိုက်များ၊ ပျိုးထောင်သူနှင့်တူသည့် စာကြည့်တိုက်မှူးများ ပေါ်ထွန်းလာအောင် စာကြည့်တိုက်ပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်လုပ်ငန်းများတွင် အထောက်အကူဖြစ်စေမည့် စာအုပ်စာစောင်များ၊ ပရိဘောဂများနှင့် အဆောက်အအုံများကို ဘဏ္ဍာနှစ်အလိုက် ခွင့်ပြု ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း။

**ဝယ်ယူဖြည့်ဆည်းပေးခဲ့**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာစာကြည့်တိုက် ၄၈၁ တိုက်အနက် စာကြည့်တိုက် ၁၂၀ ကို ငွေကျပ် ၅၅ သန်းတန်ဖိုးရှိ စာအုပ်စာစောင်များ ဝယ်ယူဖြည့်ဆည်းပေးခဲ့ကြောင်း၊ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်မှူး အရည်အချင်းပြည့်မီအောင်၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးထံ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ စာကြည့်တိုက် ၃၀ သို့ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁) (က-ကုတ်) စာအုပ် ၃၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ စာကြည့်တိုက်မှူးများထံ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက် ၁၂၀ အတွက် မြန်မာ့စွယ်စုံကျမ်း အတွဲ(၁) (က-ကုတ်) စာအုပ် ၁၂၀ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အခြေခံစာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၁)အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ငွေကျပ် ၁၀ သိန်း၊ ဂါမဏိကားအရောင်းပြခန်းပိုင်ရှင်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ငွေကျပ် ငါးသိန်းနှင့် Prosper ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက ငွေကျပ် ငါးသိန်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရပ်ကွက်/ကျေးရွာစာကြည့်တိုက်မှူးများထံ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအတွက် စာကြည့်တိုက်လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် စာအုပ်များနှင့် နံရံကပ်ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်မှူး ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတနော်မြို့နယ်၌ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးခြင်း မပြုလုပ်ရန် အသိပညာပေးပိုစတာ စိုက်ထူ

**ပန်းတနော် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ရေကြီးကွင်း၊ ရေနက်ကွင်းများနှင့် မြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတ ပြန်းတီးမှုမဖြစ်ပေါ်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ဦးဆောင်မှုဖြင့် "သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးရေး ငါးသယံဇာတထိန်းသိမ်းပေး တားမြစ်ချက်များ"နှင့် "ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း" အသိပညာပေး မြေစိုက်ပိုစတာများကို အင်းမကျေးရွာ ရန်ကုန်- ပုသိမ် ကားလမ်းဘေးတွင် စိုက်ထူခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ မြေစိုက်ပိုစတာများ စိုက်ထူရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အင်းလုပ်သားများက ပူးပေါင်းပါဝင်စိုက်ထူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်း အားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည် ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍ စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေး အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက် နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်းပြုပြင်ခြင်းသင်တန်း အမှတ်စဉ်(၃)နှင့် အင်ဂျင်နီယာများစီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၃)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်း ကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းစနစ် များနှင့်အညီ ကျင်းပသည်။

**လေ့ကျင့်သင်ကြားပေးသွားမည်**

ရေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ က နိုင်ငံတော်နှင့် ပြည်သူ့ကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်တတ်သည့် ဝန်ထမ်းကောင်းများ တိုးပွားလာစေရန်ရည်ရွယ်၍ ယခုသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လျှပ်စစ်လုပ်ငန်းများ၌ IT နည်းပညာများဖြစ်သည့် Internet Of Things (IOT)၊ Artificial Intelligence (AI)၊ Digital Substa-tion နည်းပညာများကို အသုံးပြု၍ ကုန်ကျစရိတ်နှင့် ပြုပြင်ရနည်းပါးစွာဖြင့် ထိရောက်သည့် စွမ်းဆောင် ရည်များ ရရှိနိုင်မည့် AIS၊ GIS၊ Mixed Technology Switchgear(MTS)၊ Unmanned ဓာတ်အားပေး စက်ရုံ၊ ပင်မဓာတ်အားခွဲရုံဒီဇိုင်းများ ရေးဆွဲတတ် စေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်း၊ ထိန်းသိမ်း မောင်းနှင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန် brainstorming techniques ဖြင့် သင်ကြားပေးမည် ဖြစ်ကြောင်း၊ ထို့အပြင် ဝန်ထမ်းစီမံခန့်ခွဲရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စာရင်းစစ်ဆေးခြင်း လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် တတ်စေရန်နှင့် AMI စနစ်ကို Energy Meter၊ Server၊ Data Base နှင့် ဆက်သွယ်ရေးနည်းပညာ ပေါင်းစပ်ပြီး ခေတ်မီသည့် မီတာဖတ်ရှုမှုစနစ်၊ ဓာတ်အားကွပ်ကဲ/ထိန်းသိမ်းမောင်းနှင်သည့် စနစ် လုပ်ဆောင်မှုများပါဝင်ကြောင်း၊ သင်တန်းသား များအနေဖြင့် သင်တန်းမှပို့ချချက်များ၊ အပြန်အလှန် ဆွေးနွေးခြင်းမှရရှိသည့် အသိပညာများ၊ အချင်းချင်း ဖလှယ်၍ရသည့် အတွေ့အကြုံများအရ လုပ်ငန်း တာဝန်များကို တက်ကြွစွာဆောင်ရွက်ကြပြီး မိမိတို့ ဝန်ကြီးဌာန၏မူဝါဒများ၊ ချမှတ်ထားသည့် စည်းကမ်း



များနှင့်အညီ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ ကောင်းများအဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အတွက် စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်း တမံကြိုးစားအားထုတ် ဆောင်ရွက်သွားကြစေလို ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းများ၌ သင်တန်းသား ၅၀ ကို စာတွေ့/လက်တွေ့ဖြင့် ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# ချင်းပြည်နယ် မင်းတပ်မြို့ရှိ ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေး

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံ တစ်ဝန်း အကူအညီလိုအပ်သူများအတွက် လူမှု ကရုဏာ အကူအညီများပေးရာတွင် ကြက်ခြေနီ အခြေခံမူများနှင့်အညီ ကူညီလျက်ရှိရာ ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ချင်းပြည်နယ် မင်းတပ်မြို့ရှိ ပြည်သူ များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဖြစ်သည့် စားနပ်ရိက္ခာနှင့် အခြားအခြေခံ လိုအပ်သည့်ပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ရေးသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို သွားရောက်ကူညီ ထောက်ပံ့ပေးခဲ့သည်။



ထိုသို့ သွားရောက်ကူညီရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း ဦးဆောင်သော ဝန်ထမ်း ၁၄ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာ လုပ်အားရှင် လေးဦး စုစုပေါင်း ၁၈ ဦးတို့သည် ချင်းပြည်နယ် မင်းတပ်မြို့ရှိ အိမ်ထောင်စု ၄၀၅ စု (လူဦးရေ ၁၈၆၃ ဦး)အတွက် အရေးပေါ်လိုအပ်ချက် များဖြစ်သည့် အစားအစာ (ဆန်၊ ဆီ၊ ဆား၊ ပဲ) အစုံ ၂၀၀ နှင့် ငါးသေတ္တာ ၂၀၃၅ ဘူး၊ နှာခေါင်းစည်း (၅၀ ပါဘူး) ၈၀၈ ဘူး၊ လက်သန့်ဆေးရည် (၁၀၀ မီလီဘူး) ၁၂၁၅ ဘူး၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်း ၆၄၆ အိတ်၊ အမျိုးသားတစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ၇၁၈ အိတ်၊ မိုးကာအင်္ကျီ အထည် ၁၆၄၀၊ တာပေါ်လင် ၄၀၉ ချပ်၊ ကလေးမီးဖွား သုံးပစ္စည်း(Clean Delivery Kit) ၁၈ ခု၊ မွေးကင်းစ ကလေးသုံးပစ္စည်း(Infant Kit) ၇၉ ခု၊ မီးဖိုချောင် သုံးပစ္စည်းပုံး ၁၀၀၊ လက်သမားသုံး ဆောက်လုပ်ရေး ပစ္စည်း ၁၄၁ အိတ်၊ ရပ်ရွာလူထုသုံး ရေသန့်ပုံး (Community Lifestraw ) သုံးခုနှင့် ဂါလန် ၂၀၀ ဆံ့ ဖိုင်ဘာရေတိုင်ကီ သုံးခုတို့ကို သွားရောက်ထောက်ပံ့ ကူညီပေးခဲ့သည်။ ယင်းအပြင် ပေါက်ကွဲစေတတ်သော ပစ္စည်းများအန္တရာယ် အသိပညာပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု ရွှေ့လျားဆေးခန်းနှင့် လူနာတင်ယာဉ်ဖြင့် အရေးပေါ်လူနာညွှန်းပို့ခြင်း လုပ်ငန်းများကိုလည်း မင်းတပ်မြို့ပေါ်ရှိ သတ်မှတ် ထားသော နေရပ်စွန့်ခွာစခန်း ငါးနေရာတွင် မေ ၃၀ ရက်မှစတင်၍ တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် ခြောက်ရက် ဆောင်ရွက်ပေးလျက်ရှိပြီး မေ ၃၀ ရက်မှ ဇွန် ၃၀ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိရာ ဇွန် ၁၁ ရက်ထိ လူနာ ၁၉၃၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

အလားတူ အကူအညီလိုအပ်နေသည့် ယာယီ ခိုလှုံရာစခန်းများနှင့် ကျေးရွာများမှ ပြည်သူများ အတွက် စားနပ်ရိက္ခာများ၊ ရေနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများ၊ အခြားလိုအပ်သည့် ပစ္စည်းများကို ဆက်လက်ထောက်ပံ့ကူညီနိုင်ရန် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ဝင်းအောင်(ကြက်ခြေနီ)**

# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ဓာတ်ဆီဈေးနှုန်း ၁၁ ဆအထိမြင့်တက်လာ



ဟနွိုင်း ဇွန် ၁၃

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ဓာတ်ဆီဈေးနှုန်း ၁၁ ဆအထိ စံချိန်တင်မြင့်တက်မှုရှိလာခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဇွန် ၁၃ ရက်တွင် RON95 တစ်လီတာဈေးနှုန်းသည် ဗီယက်နမ်ဒေါင် ၇၉၇ ဒေါင် (အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ ဒေါ်လာ)အထိ သိသိသာသာမြင့်တက်မှုရှိလာခဲ့ကြောင်းလည်း သိရသည်။

## မြင့်တက်

လက်ရှိတွင် RON92 တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၈၈၂ ဒေါင် ရှိကြောင်းနှင့် ဒီဇယ်ဆီဈေးနှုန်းသည်လည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဓာတ်ဆီဈေးနှုန်း အပြောင်းအလဲ ၁၄ ကြိမ်အထိ ပြောင်းလဲမှုရှိခဲ့ပြီး ဓာတ်ဆီဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အခွန်လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ဓာတ်ဆီဈေးနှုန်းများ ကျဆင်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းမှုများလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ဆီဈေးနှုန်းနှင့် ဒီဇယ်ဆီဈေးနှုန်းများသည် ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ်တွင် မူတည်လျက်ရှိပြီး နောက်ထပ် လောင်စာဆီထုတ်လုပ်ရေး အရင်းအမြစ်များ ရှာဖွေရန်အတွက် ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# မိုဇမ်ဘစ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် ပလတ်စတစ်အိတ်သုံးစွဲမှု ပိတ်ပင်မည်

မာပူတို ဇွန် ၁၃

မိုဇမ်ဘစ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးဆိုင်ရာ ကြိုးပမ်းမှုအဖြစ် ပလတ်စတစ်အိတ်သုံးစွဲမှုကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း မိုဇမ်ဘစ်နိုင်ငံ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အိုင်ဗီဒီမာဗာဇီက ပြောကြားသည်။

နိုင်ငံအတွင်းရှိ မြို့ပြဒေသသန့်ရှင်းရေးတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အတားအဆီးဖြစ်နေပြီး သန့်ရှင်းရေးအတွက် အခက်အခဲများဖြစ်စေကာရောဂါပိုးမွှားများ အများအပြားပေါက်ပွားရန် ဖြစ်လာစေကြောင်း ၎င်းကပြောကြားသည်။

မိမိတို့အနေဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှု ပိတ်ပင်ရေးကို ပြည်တွင်း၊ ပြည်ပလက်တွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းရှိ မြစ်များအတွင်းသို့ စွန့်ပစ်သည့် ပလတ်စတစ်တန်ချိန် ၁၇၀၀၀ ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၇၁ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇွန် ၁၃

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၅၂၆၂၉၈ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

## ကူးစက်ခံရသူများဖြစ်

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၅၇၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် တစ်ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူတစ်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူ ပေါင်း ၃၅၇၁၂ ဦးရှိလာကြောင်း သိရသည်။

## ကျန်းမာ လာသူ ၁၈၈၇ ဦးရှိ

ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၈၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၆၈၁၉၁ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၂၇၁၂ ဦးရှိကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၃ ဒသမ ၁ ရာခိုင်နှုန်းသည် နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၄ ရာခိုင်နှုန်းသည် တတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

■



# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၃ ဦး ထပ်မံတွေ့ရှိ

ဝယ်လင်တန် ဇွန် ၁၃

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ရှစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၃၁၂ ဦးသည် နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့မှ ဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့တွင် ကူးစက်ခံရသူများအနက် ၆၈ ဦးသည် နယူးဇီလန်နိုင်ငံ၏ နယ်စပ်ဒေသများတွင် ကူးစက်ခံရခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၂၃၆၃၉၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် ခရီးသွားအားလုံးနှင့် ပြည်ဝင်ခွင့်ဗီဇာကိုင်ဆောင်ထားသူများ အားလုံးအတွက် နယ်စပ်ဒေသများကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး ပထမငါးလအတွင်း ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့

ဖနောင်ပင် ဇွန် ၁၃

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ်ပထမငါးလအတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလအတွင်းက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ ဘီလီယံသာ ရှိခဲ့ခြင်းကြောင့် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၁ ဘီလီယံရှိခဲ့ပြီး သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ ရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်ဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၏ နောက်တွင် အမေရိကန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုအများဆုံးနိုင်ငံများအဖြစ် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံးသော ဈေးကွက်တစ်ခုဖြစ်ပြီး အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ် ဒုတိယမြောက် နန်းသက်အရှည်ကြာဆုံးဖြစ်လာ



**လန်ဒန် ဇွန် ၁၃**

ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ်သည် ကမ္ဘာ့သမိုင်းတွင် ဒုတိယမြောက် နန်းသက်အရှည်ကြာဆုံး ဘုရင်မတာဝန် ထမ်းဆောင်ခဲ့သူအဖြစ် မှတ်တမ်းဝင်လာခဲ့ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ်သည် နန်းတက်ကာလ နှစ် ၇၀ နှင့် ၁၂၇ ရက်ကြာ တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်ကြောင်းလည်း ဘီဘီစီနှင့် အခြားသောဗြိတိန်မီဒီယာများက ဇွန် ၁၃ ရက်တွင် သတင်းဖော်ပြထားသည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံ၏ ၁၄ ယောက်မြောက် လူးဝစ်ဘုရင်သည် နန်းသက် ၇၂ နှစ်နှင့် ရက်ပေါင်း ၁၁၀ ဖြင့် နန်းသက်အရှည်ဆုံးဖြစ်သည်။

ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ်သည် ၂၀၁၆ ခုနှစ်အတွင်းက နတ်ရွာစံခဲ့သည့် ထိုင်းဘုရင် ဘူမိဘောလ်အဗ္ဗဒူယာဒက်၏ နန်းတက်ကာလနှင့် ဇွန် ၁၂ ရက်တွင် တူညီမှုရှိခဲ့ပြီး ယနေ့တွင်မူ ထိုင်းဘုရင် ဘူမိဘောလ်အဗ္ဗဒူယာဒက်၏ နန်းတက်ကာလကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ်သည် ၁၉၅၂ ခုနှစ်အတွင်းက ၎င်း၏ဖခင် သေဆုံးခဲ့ပြီးချိန်ဖြစ်သည့် အသက် ၂၅ အရွယ်တွင် နန်းတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက် ၉၆ နှစ်အရွယ်ရှိ ဗြိတိန်ဘုရင်မကြီး အဲလီဇဘတ်သည် လမ်းလျှောက်တုတ် အသုံးပြုနေရခြင်းကြောင့် ၎င်း၏တရားဝင်လုပ်ငန်းတာဝန်များ ပျက်ကွက်မှုတချို့ရှိခဲ့ကြောင်းနှင့် ၎င်း၏ ကျန်းမာရေးအခြေအနေနှင့် စပ်လျဉ်း၍လည်း စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

■

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၂၈ ဦးထပ်မံတွေ့ရှိ



**ဆိုးလ် ဇွန် ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၂၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၂၂၉၂၈၈ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

**ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်**

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၆၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၈၆၆၄ ဦးရှိကြောင်းလည်း တောင်ကိုရီးယားနိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၃၈၈ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**


# တရုတ်နိုင်ငံက လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေမှ ကန်ဒေါ်လာ ၄ ဒသမ ၃ သန်းကျော်အား ကမ္ဘောဒီးယားနိုင်ငံသို့ ပေးအပ်

**ဖနောင်ပင် ဇွန် ၁၃**

ကမ္ဘောဒီးယားနိုင်ငံ၌ ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံက လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်းကျော်အား ဇွန် ၁၃ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ လေကြောင်းလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေး၊ သတင်းတုတိုက်ဖျက်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစီမံကိန်းလုပ်ငန်းများ ပါဝင်သည်။ အဆိုပါရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ် ပရက်ဆိုခွန်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝန်တိမ်းတို့တက်ရောက်ပြီး လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ငါးနှစ်အတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၁ သန်းကျော်ကို သုံးစွဲကာ လန်ချန်း-မဲခေါင်ဖွံ့ဖြိုးရေးစီမံကိန်းပေါင်း ၈၀ ကို ဆောင်ရွက်ခဲ့ကြောင်းနှင့် လန်ချန်း-မဲခေါင်နိုင်ငံများသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရေးတို့ကို အတူတကွကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝန်တိမ်းက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# အီဂျစ်နိုင်ငံရှိ ကမ်းရိုးတန်းဒေသများအား ထိန်းသိမ်းရေးစီမံချက် ရေးဆွဲဆောင်ရွက်

**ကိုင်ရို ဇွန် ၁၃**

အီဂျစ်နိုင်ငံသည် နိုင်ငံ၏ကမ်းရိုးတန်းဒေသများအား ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများမှ ကာကွယ်ရန် စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း အီဂျစ်နိုင်ငံဆည်မြောင်းနှင့် ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီး မိုဟာမက်အဒဲက ယမန်နေ့တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ ကမ်းခြေများတွင် ဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ယခုဆောင်ရွက်မည့်စီမံချက်အရ နိုင်ငံမြောက်ပိုင်းကမ်းရိုးတန်းဒေသတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် ကုန်းတွင်းဒေသများသို့ ရေဝင်ရောက်ခြင်းမှကာကွယ်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဆောင်ရွက်မည့် ရာသီဥတုပြောင်းလဲမှုကာကွယ်ရေးစီမံချက်အရ မြေထဲပင်လယ်ဒေသ၌ ရာသီဥတုဆိုင်ရာ သဘာဝဘေးကြိုတင်ကာကွယ်ရေးစင်တာ တည်ဆောက်သွားမည်ဖြစ်သည်။ ထို့ပြင် အီဂျစ်နိုင်ငံမြောက်ပိုင်းကမ်းရိုးတန်းရှိ သဘာဝအရင်းအမြစ်များကိုလည်း ထိန်းသိမ်းရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၈၄ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၁၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၈၄ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၂၃၀၁၀၁ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၇၇၁ ဦး ရှိလာကြောင်းနှင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မှစတင်ကာ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။



လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၄၇၉၉၅ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၅၉၂ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၆၅၇၃၃၅ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# မြစ်ငယ်မြို့၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့၌ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်စစ်ဆေးရေးဂိတ်အနီးတွင် ဘိုမြိုင် မောင်းနှင်ပြီး အောင်မင်းဇော် လိုက်ပါလာသည့် ခြောက်ဘီးကွန်တိန်နာဘောက်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၀ ဒသမ ၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး



ဘိုမြိုင်နှင့် အောင်မင်းဇော်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးကုတ်မြို့နယ်၌ ငွေကျပ် ၁၄၅၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



အောင်မြတ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၃

မိုးကုတ်မြို့နယ်တွင် ငွေကျပ် ၁၄၅၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

### သိမ်းဆည်းရမိ

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်မြတ် မောင်းနှင်လာသောယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ဖုံး တံခါးအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် အောင်မြတ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်များနှင့် စက်သုံးဆီများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ခတ်မြေဩဇာအိတ် ၈၀၃ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၈၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ဖာ ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုးအလုံး ၁၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုးပါကေး ၂ ဒသမ ၈၅၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၇၆၈၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၈၇၆၈၀ ကို သိမ်းဆည်း ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၈၀၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၅၈၂)ကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် တောင်ငူခရိုင်ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၄ ဒသမ ၇၉၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၃၄၈၆)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၀၆၈ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ ဇွန် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကလေးမြို့နယ်အတွင်း တရားမဝင်စက်သုံးဆီ ၈၀၁ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၆၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၆၆၀၀၀ကိုလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း၌ လှည့်ကင်းစစ်ဆေးရေးပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘီယာ ဖာ ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၁၃၉၇၄၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၆-၂၀၂၂ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၀၉:၃၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှတ်တရားရဲ့ လျှို့ဝှက်ချက်' (အပိုင်း-၉၇)
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ ပုဂံနှင့်ယွန်းထည်
- ၁၇:၃၀ ကမ္ဘာ့သွေးလှူရှင်များနေ့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ငေး' (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၃)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'လျှာ'

### mitv

- 07:01 An Da Yel Kin (Htar)
- 07:09 Myanmar's Bamboo Hat
- 07:23 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
- 07:48 Mobile House
- 08:01 A Worth Studying Site For Ancient Myanmar Heritages
- 08:19 Designer Ya Tu
- 08:30 Shwe Maw Daw: The Glory Of Bago City
- 09:01 News
- 09:27 Global Partnership for Brighter Future: Slovakia Pavilion at Expo 2020 Dubai
- 09:36 Kayah Traditional Dance
- 09:49 Serene and Happy Rural Life in Myanmar

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တိုင်းရင်းရေ့ရဲ့ထင်ရှားကျော်ကြားဒေသများ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မုန့်ပိုင်းတောင့်လုပ်စားကြရအောင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (ဆုံး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာပြတိုက်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ရာမညမြေမှအမွေအနှစ်များ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
လှိုင်မွှေမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်ဘေး

**ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့သွေးလှူရှင်များနေ့
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရှုချင်းအတူတူ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ မြေဩဇာသုံးစွဲနည်းမှန်ကန်ဖို့ မြေဆီအရင်စစ်ဆေးကြည့်ကြပါစို့
- ၀၇:၃၅ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(မန္တလေး)
- ၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
- ၀၈:၂၅ မိုးရာသီမှာရာဘာအစေးလှီးကြမယ်
- ၀၈:၂၀ သတိပြုကာကွယ်ဆစ်ပိုးအန္တရာယ်
- ၀၉:၅၅ တစ်ပိုင်တစ်နိုင်ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သတင်းပေးသူများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH၊ NUG တို့က ဖွဲ့စည်းထားသော PDF အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားများပျက်ပြားစေရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ မဖွင့်နိုင်စေရန်နှင့် ကျောင်းသူ ကျောင်းသားများ ကျောင်းမတက်ရဲစေရန် ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၌ ဗုံးထောင်ခြင်း၊ ဗုံးခွဲခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ခြင်း၊ ပြည်သူလူထုအတွင်း အကြောက်တရားများဖြစ်ပေါ်စေရန် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများကို သတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်သည်သာမက နိုင်ငံရေးနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသည့် ရဟန်းသံဃာများကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိသည်။

ဗုဒ္ဓဘာသာသည် နိုင်ငံတော်၌ အများဆုံးကိုးကွယ်ရာ ဘာသာတစ်ခုဖြစ်သည့်အပြင် ကမ္ဘာ၌လည်း ဂုဏ်သိက္ခာမြင့်မားစွာဖြင့် တည်ရှိလျက်ရှိသော ဘာသာတရားဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည့်နိုင်ငံ၌ အကျင့်သီလပြည့်စုံစွာဖြင့် ကျင့်သုံးလျက်ရှိသည့် ရဟန်းတော်များကို သတ်ဖြတ်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေပါသည်။

သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေသည့် ရဟန်းသံဃာတော်များအား သတ်ဖြတ်ခြင်းကဲ့သို့သော ပြစ်မှုများကို ကျူးလွန်သူများအား ဖော်ထုတ်ပြီး ထိရောက်စွာအရေးယူနိုင်ရန်အတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန်နှင့် ယင်းတို့နှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်တန်စွာဆုချီးမြှင့်ပြီး ထိရောက်သော အကာအကွယ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးသန့်နှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ငဖဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပဒါန်းတပ်နယ် တပ်နယ်မှူးက ဆုံးမစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးအား တာဝန်ရှိသူများ ရှေ့မှောက်၌ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လက်မှတ်ရေးထိုးလွှဲပြောင်းအပ်နှံပေးကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ခိုလှုံခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ပြီး မိဘအုပ်ထိန်းသူများကိုယ်စား ပဒါန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဇွန်လ ၁၂ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိသက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ PDF အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦးတို့သည် နိုင်ငံတော်အစိုးရ၏ကမ်းလှမ်းမှုကို ယုံကြည်လက်ခံသဖြင့် အလင်းဝင်ရောက်ခဲ့ရာ တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ လက်ခံကြိုဆိုခဲ့ကြောင်းနှင့် ၎င်းတို့အား ဝန်ခံကတိလက်မှတ်များ ရေးထိုးစေကာ ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ပြီး ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံထားရှိကြောင်း သိရသည်။



ငဖဲမြို့၌ PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘများထံ လွှဲပြောင်းပေးအပ်ပွဲကျင်းပစဉ်။


လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်ထားပြီးဖြစ်ရာ ဇွန် ၆ ရက်တွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံခဲ့သဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်ရှိ အောင်ဆန်းခန်းမ၌ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ PDF အမည်ခံအကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၃**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။



ဦးဝင်းဗိုလ်(သေဆုံး)



ဒေါ်မြတ်မြတ်မိုး(သေဆုံး)

**ပစ်ခတ်သတ်ဖြတ်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်ပန်းတင်အင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များ ကိုင်ဆောင်ဝင်ရောက်လာပြီး အဆိုပါကျေးရွာနေ ထားဝယ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိကဖြစ်သူ ဒေါက်တာဝင်းဗိုလ်(၄၃)နှစ် (ဘ)ဦးစံဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာ စာရေးဖြစ်သူ ဒေါ်မြတ်မြတ်မိုး (၄၅)နှစ်တို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေါက်တာဝင်းဗိုလ်နှင့် ဒေါ်မြတ်မြတ်မိုးတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝဒေးရပ်ကွက်နေ ယဉ်အေးဖြူ(ခ)ရတနာသည် ၎င်းအသုံးပြုသည့် “Yadanar” Facebook အကောင့်၊ ရေတာရှည်မြို့နယ် ဒေဝတာစည်ကျေးရွာနေ ဌေးလွင်သည် ၎င်းအသုံးပြုသည့် “Htay Lwin” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ သူရကျော်နှင့် ခင်မောင်အေးတို့သည် ၎င်းတို့အသုံးပြုသည့် “Thuya Kyaw” Facebook အကောင့်၊ “Khin Mg Aye” Facebook အကောင့်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်နေ ဇနှင်းထန်နှင့် ဇာခြည်ငြိမ်းတို့သည် ၎င်းတို့အသုံးပြုသည့် “Za Hin Htan” Facebook အကောင့်နှင့် “Zarchyi Nyein” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဝေလင်းမောင်သည် ၎င်းအသုံးပြုသည့် “ဦးဝေလင်းမောင်” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာနေ ကံမြင့်နှင့် တင်အောင်စိုးတို့သည် ၎င်းတို့ အသုံးပြုသည့် “U Kan Myint” Facebook အကောင့်နှင့် “Tin Aung Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ပညာရေး နောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက မြို့နယ်အချို့၌ အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာ ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက္ကာအခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီးအိမ်တွင် ခြိမ်းခြောက်စာကပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



မွန်ပြည်နယ် ရေးမြို့နယ် တောင်စွန်းအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ခြိမ်းခြောက်စာကပ်ထားမှု မှတ်တမ်းဓာတ်ပုံ။




မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အခြေခံပညာမူလတန်းကျောင်း၌ ခြိမ်းခြောက်စာကပ်ထားမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့နယ် အောင်သပြေကျေးရွာရှိ တောင်စွန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာရှိ အခြေခံပညာ အထက်တန်း ကျောင်း၌ လည်းကောင်း၊ ညနေ ၅ နာရီ ၃၀ မိနစ်ခန့်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အေးကမ္ဘာကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း ရှေ့၌လည်းကောင်း၊ ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း ကျောင်းတက်ရောက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းတက်ရောက်ခြင်းမပြုရန် ဟန့်တားထားသည့် ခြိမ်းခြောက်စာများကို PDF အမည်ခံ အကြမ်းဖက်သမားများက ခြိမ်းခြောက်ပေးပို့ထားကြောင်း သိရသည်။

အလားတူ ဇွန် ၁၂ ရက် နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက္ကာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့် ဝင်ရောက်လာပြီး သေနတ်များပစ်ဖောက်ကာ ခြိမ်းခြောက်ပြောဆို၍ ကျောက္ကာအခြေခံပညာ အလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး၏ နေအိမ်ပေါ်သို့ တက်ရောက်ရှာဖွေကာ နေအိမ်ခြံစည်းရိုးတွင် ခြိမ်းခြောက်စာတစ်စောင် ကပ်သွားခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ် သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ငါးရစ်တက်ချိန် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် အသိပညာပေးဟောပြော

**ကျောင်းကုန်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် ပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက လှည်းဆိပ်အုပ်စု လှည်းဆိပ်ကျေးရွာ ပညာအလင်းအိမ် စာကြည့်တိုက်၌ ကျင်းပသည်။

**ရှင်းလင်းဖြေကြား**

ရှေ့ဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်က ငါးရစ်ငါးသန်များ ဖမ်းဆီးမှုမရှိစေရေး၊ ဘက်ထရီရှော့တိုက် ငါးမဖမ်းဆီးရေး၊ အဆိပ်ဆေးချ ငါးမဖမ်းဆီးရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးတို့ကိုဟောပြောပို့ချခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းရာ ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလားတူ ဂုန်မင်းကျေးရွာ၌လည်း အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၅ | ၂၂၇၅ | ၂၂၆၀ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၀ | ၂၅၁၀ | ၂၇၆၀ |
| 95 Ron | ၂၂၉၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၂၀ | ၂၄၃၅ | ၂၃၃၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၅၉၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၇၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၃ | ၂၁၇၉ |
| 95 Ron | ၂၁၈၇ | ၂၂၆၅ |
| HSD (500 ppm) | ၂၄၅၂ | ၂၅၃၁ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဓနုဖြူမြို့နယ်၌ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးခြင်း မပြုကြရန် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ဓနုဖြူ ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ “ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း”စာသားပါ မြေစိုက်ပိုစတာများစိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက် ၁၁ နာရီက အကျော်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

နိုင်ငံပိုင်ငါးသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းမှကာကွယ်ရန်နှင့် သဘာဝငါးသယံဇာတ ပြုန်းတီးမှုမဖြစ်စေရန် ပြည်သူများ လိုက်နာရမည့် ရေချို/ရေငန် ငါးလုပ်ငန်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန်စသည့်အချက်များပါဝင်သော မြေစိုက်ပိုစတာကို မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အင်းသားကြီးများနှင့် ရေလုပ်သားအစုအဖွဲ့ဝင်များ ပါဝင်စိုက်ထူခဲ့ပြီး ငါးလုပ်ငန်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများသို့ အခမဲ့ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ အကျော်ချောင်းအတွင်း ငါးရစ်ငါးသန်ကာလတွင် ငါးဖမ်းခြင်းမပြုကြရန် အသံချဲ့စက်ဖြင့် လိုက်လံအသိပညာပေး နှိုးဆော်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ မန်ဂျန်ရှားပင် စုပေါင်းစိုက်ပျိုးခြင်းနှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေ

လပွတ္တာ ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာသုံး ထင်းစိုက်ခင်း စုပေါင်းစိုက်ပျိုးခြင်းနှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျောက်ဖြူကျေးရွာ၌ ပြုလုပ်ကြောင်း သိရသည်။

တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျေးရွာသုံး ထင်းစိုက်ခင်း တစ်ရွာလျှင် နှစ်ဧကနှုန်းဖြင့် မန်ဂျန်ရှားပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြ သည်။ သစ်ပင်စုပေါင်းစိုက်ပျိုးရာသို့ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၆၀ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးကျော်သူနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများအတွက် ပျိုးပင်များ အခမဲ့ဖြန့်ဝေ



ပေးခဲ့သည်။

ကျောက်ဖြူကျေးရွာ၌ အကျိုးပြုအိမ်ထောင်စု ၂၅၇ စု၊ အကျိုးပြုကျေးရွာလူဦးရေ ၈၇၂ ဦးတို့အတွက် မန်ဂျန်ရှားပင် ၂၄၂၀ စိုက်ပျိုးပေးခြင်း၊ အခမဲ့ဖြန့်ဝေပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထယ်ထိုးနှစ်မြှုပ်ခြင်း ကွင်းသရုပ်ပြ

ပေါက်ခေါင်း ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ လယ်ယာမြေများတွင် နှစ်စဉ်စိုက်ပျိုးလျက်ရှိသော စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် မြေဆီလွှာများရှိ အာဟာရဓာတ်များ လျော့နည်းသွား လျက်ရှိရာ အာဟာရဓာတ်များကိုဖြည့်ပေးရန် သဘာဝမြေဩဇာ ဖြစ်သော သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို လယ်မြေအတွင်း ထယ်ထိုးနှစ်မြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကို



ယနေ့နံနက်က လေးကြီးကျေးရွာ တောင်သူဦးတင်လှ၏ လယ်ယာမြေ ငါးဧကစိုက်ခင်းတွင်ပြုလုပ်ခဲ့သည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကို လယ်ယာမြေအတွင်း ထည့်သွင်းစိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့လေးပြည် ကြဲပက်ရပြီး သစ်စိမ်းမြေဩဇာ စိုက်ပျိုးထားသည့် စိုက်ခင်းတစ်ဧကတွင်(Bio Mass) ငါးတန်မှ ခုနစ်တန်အထိ ရရှိမည်ဖြစ်ပြီး သစ်စိမ်းမြေဩဇာ မျိုးစေ့ကို လယ်မြေအတွင်း ကြဲပက်ပြီး ၄၀-၄၅ ရက်သားရသည့်အခါ ထယ်ထိုးနှစ်မြှုပ်ပေးပါက တစ်ဧကလျှင် နိုက်ထရိုဂျင် ၈၆ ပေါင်၊ ဖော့စ်ဖရပ် ၁၁ ပေါင်နှင့် ပိုတက်ရှ် ၄၈ ပေါင် ရရှိနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းထွန်းက တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအားရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# လေထုညစ်ညမ်းမှုထိန်းချုပ်ခြင်းဖြင့် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကျန်းမာသည့်လူမှုအဖွဲ့အစည်းဆီသို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

လူသားတိုင်း ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်စင်သောလေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိရေးသည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး၊ အနာဂတ်ကာလ၌ ရင်ဆိုင်ကြုံတွေ့နိုင်သည့် လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များအား ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်ရေးတို့ကို မိမိတို့အားလုံးအနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုဆိုသည်မှာ လေထုအတွင်း မလိုလားအပ်သည့်ဓာတုပစ္စည်းများနှင့် အခြားအရာများပါဝင်နေမှုများကြောင့် လေထုအရည်အသွေးကျဆင်းခြင်းဟူ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လေထုညစ်ညမ်းမှုသည် ကမ္ဘာ့မြို့ကြီးများတွင် အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးစသည့်ကဏ္ဍများမှထွက်ရှိသည့် အခိုးအငွေ့ထုတ်လွှတ်မှုများ၊ စွန့်ပစ်ပစ္စည်းများအားလေဟာပြင်တွင် မီးရှို့ဖျက်ဆီးခြင်း၊ တောမီးလောင်ကျွမ်းမှုများ၊ အဓိကအားဖြင့် စက်ရုံ၊ အလုပ်ရုံများနှင့် မော်တော်ယာဉ်များမှ ထွက်ရှိလာသောအခိုးအငွေ့များနှင့် အမှုန်အမွှားများသည် သဘာဝအတိုင်း သန့်ရှင်းနေသည့်လေထုအတွင်းရောက်ရှိပြီး လေထုအရည်အသွေးကျဆင်းကာ လေထုညစ်ညမ်းလာရခြင်းဖြစ်သည်။

**ကမ္ဘာ့အပူချိန်မြင့်တက်မှု**

လေထုညစ်ညမ်းသည့်နေရာဒေသများတွင်နေထိုင်ကြသူများသည် အဆုတ်ကင်ဆာ၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ စသည့် ရောဂါများကို ပိုမိုခံစားနေရကြောင်း လေ့လာသိရှိရသည်။ ထို့အပြင် လေထုညစ်ညမ်းစေသောအရာများသည် အက်စစ်မိုးရွာသွန်းခြင်းကို ဖြစ်ပေါ်စေပြီး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိခိုက်စေနိုင်သည့်အပြင် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ကမ္ဘာ့အပူချိန်မြင့်တက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် လေ့လာဆန်းစစ်တွေ့ရှိမှုများအရ ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီ သေဆုံးနေကြရကြောင်း၊ ယင်းသေဆုံးမှု၏ ထက်ဝက်ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့ပြဧရိယာများတွင် လေထုညစ်ညမ်း မှုကြောင့် ကမ္ဘာ့လူဦးရေ၏ ၄ ဒသမ ၂ သန်းသည် အရွယ်မတိုင်မီသေဆုံးခဲ့ကြောင်း လေ့လာသိရှိရပြီး ဖုန်မှုန့်ထုထည် ၂ ဒသမ ၅ မိုက်ခရိုမီတာပမာဏ (Particulate Matter 2.5 – $PM_{2.5}$) နှင့် ၎င်းထက် သေးငယ်သောပမာဏကြောင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ၅၈ ရာခိုင်နှုန်းသည် နှလုံးသွေးကြောကျဉ်းရောဂါများ၊ ၁၈ ရာခိုင်နှုန်းသည် အဆုတ်နှင့်ဆိုင်သော နာတာရှည်ရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ခြောက်ရာခိုင်နှုန်းသည် အဆုတ်ကင်ဆာရောဂါများကြောင့် အရွယ်မတိုင်မီ သေဆုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံတစ်ဝန်းရှိ လေထုအရည်အသွေးအခြေအနေ သိရှိနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို တိုင်းတာရာ၌ Environmental Perimeter Air Monitor Station, Haz–Scanner (EPAS) ဖြင့် $PM_{2.5}$ ၊ $PM_{10}$၊ $NO_2$ ၊ $SO_2$ နှင့် $O_3$ စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

၂၀၂၂ ခုနှစ် မေလအတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ထားဝယ်၊ လွိုင်ကော်၊ မော်လမြိုင်နှင့် စစ်တွေမြို့တို့တွင် တိုင်းတာရရှိသည့်ဝန်းကျင် လေထုအရည်အသွေး (Air Quality Index– AQI) တွက်ချက်ထားမှုအရ စစ်ကိုင်းမြို့ စက်မှုဇုန်အနီးဝန်းကျင်တွင် $PM_{2.5}$ သည် ခံနိုင်ရည်နည်းပါးသောသူများအတွက် ကျန်းမာရေးကို ထိခိုက်နိုင်သောအဆင့် (Unhealthy for Sensitive Groups) ရှိပြီး ကျန်နေရာများတွင် ပုံမှန်ကောင်းမွန်သောအဆင့်တွင်ရှိကြောင်း ပုံပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရသည်။

**ဝန်းကျင်လေထု အရည်အသွေးရလဒ်များ**

၂၀၂၂ ခုနှစ်မေလတွင် စတင်မိုးရွာသွန်းမှုကြောင့် လေထုအတွင်း အမှုန်အမွှား 2.5 $PM_{2.5}$ နှင့် $PM_{10}$ ပါဝင်မှုပမာဏလျော့ကျပြီး ဝန်းကျင်လေထုအရည်အသွေးအခြေအနေသည် ကောင်းမွန်သောအနေအထားတွင်ရှိနေခြင်းဖြစ်နိုင်ပြီး မိုးရွာသွန်းမှုနည်းပါးပြီး ဖုန်မှုန့်ထွက်ရှိမှုများပြားသော မေလမတိုင်မီ နွေရာသီကာလတွင် လေထုအတွင်း $PM_{2.5}$ နှင့် $PM_{10}$ ပါဝင်မှုပမာဏ များပြားပြီး ဝန်းကျင်လေထုအရည်အသွေးအခြေအနေသည် သတ်မှတ်စံချိန် စံညွှန်းများထက်ကျော်လွန်နိုင်ကြောင်း သုံးသပ်ရရှိသည်။ လေထုအပူချိန်၊ လေတိုက်နှုန်းနှင့် လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေ နှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်တွင်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ကြောင်း သုံးသပ်ရပါသည်။

ဝန်းကျင်လေထုအရည်အသွေးကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်ခြင်းအားဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လက်ရှိလေထုအရည်အသွေးဆိုင်ရာ လေ့လာတွေ့ရှိချက်များသည် အမျိုးသားအဆင့် လေထုအရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲသည့်အခါတွင် အခြေခံအချက်အလက်များအနေဖြင့် အသုံးပြုနိုင်ခြင်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကဏ္ဍအလိုက် လေထုအရည်အသွေးထိန်းချုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ စည်းမျဉ်း စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကဏ္ဍ အသီးသီးတွင် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအစီအမံများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၁၉ သို့** ❐

> **“လေထုညစ်ညမ်းသည့်နေရာဒေသများတွင် နေထိုင်ကြသူများသည် အဆုတ်ကင်ဆာ၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ စသည့် ရောဂါများကို ပိုမိုခံစားနေရကြောင်း လေ့လာသိရှိရသည်။ ထို့အပြင် လေထုညစ်ညမ်း စေသောအရာများသည် အက်စစ်မိုးရွာသွန်းခြင်းကို ဖြစ်ပေါ်စေပြီး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိခိုက်စေနိုင်သည့်အပြင် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ကမ္ဘာ့အပူချိန်မြင့်တက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်”**

| စဉ် | | တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | |
|---|---|---|---|---|---|---|---|
| | | | $PM_{2.5}$ ($\mu g/m^3$) | $PM_{10}$ ($\mu g/m^3$) | $SO_2$ ($\mu g/m^3$) | $NO_2$ ($\mu g/m^3$) | $O_3$ ($\mu g/m^3$) |
| ၁ | | **ပြည်ထောင်စုနယ်မြေ နေပြည်တော်** | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ၄၆ | ၂၄ | ၀ | ၀ | ၀ |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | |
| | ၁ | သာကေတဝန်ထမ်းအိမ်ရာဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၄၂ | ၂၃ | - | ၃၂ | - |
| | ၂ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၅၅ လမ်း၊ ဗိုလ်တထောင်မြို့နယ် | ၄၂ | ၃၉ | - | ၅၄ | - |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မန္တလေးမြို့ | ၃၃ | ၃၇ | ၀ | ၃၂ | ၁၇ |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | |
| | ၁ | စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၀ | ၂၂ | ၀ | ၁၀ | ၀ |
| ၅ | | **မကွေးတိုင်းဒေသကြီး** | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မကွေးမြို့ | ၅၃ | ၃၀ | - | ၂ | ၁၉ |
| ၆ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ထားဝယ်မြို့ | ၂၅ | ၄ | ၆ | ၂၅ | ၃၇ |
| ၇ | | **ကယားပြည်နယ်** | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လွိုင်ကော်မြို့ | – | – | ၇၅ | ၀ | ၂၃ |
| ၈ | | **မွန်ပြည်နယ်** | | | | | |
| | ၁ | ဈေးကြိုဝိုင်းအနီး၊ မော်လမြိုင်မြို့ | ၂၀ | ၁၁ | ၄ | ၁၅ | ၆ |
| ၉ | | **ရခိုင်ပြည်နယ်** | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံးဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန စစ်တွေမြို့ | ၅၀ | ၂၀ | ၁ | ၉ | ၃၀ |

**AQI Quality Index (AQI)**

| | |
|---|---|
| ၀ – ၅၀ | Good |
| ၅၁ – ၁၀၀ | Moderate |
| ၁၀၁ – ၁၅၀ | Unhealthy for Sensitive Groups |
| ၁၅၁ – ၂၀၀ | Unhealthy |
| ၂၀၁ – ၃၀၀ | Very Unhealthy |
| ၃၀၁ – ၅၀၀ | Hazardous |

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၃

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) အခမ်းအနားကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကရေ တိပိဋက ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယောဆရာတော်) ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နယုန်လပြည့် မဟာအခါတော်နေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဦးငွေလှိုင်က ဇယမင်္ဂလာအနုမောဒနာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ပဓာနာ နာယကဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းစုရပ်မှ စတင်၍ နယုန်လပြည့်မဟာသမယနေ့ ဖြစ်ပေါ်လာပုံကို ဖော်ကျူးသည့်အနေဖြင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ကပ္ပိလဝတ်နှင့် ကောလိယအုပ်စု နှစ်စုခွဲ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများ ပါဝင်ကြည်ညိုကြသည်။

ထို့နောက် ရာဟုထောင့်ရှိချမ်းသာကြီးတန်ဆောင်း၌ မဟာသမယအခါတော်နေ့ အခမ်းအနားကျင်းပပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ်အနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းများကို တစ်ပြိုင်တည်း တီးခတ်ကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ နယုန်လပြည့် မဟာသမယအခါတော်နေ့ (၅၂)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစိတြဉာဏထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရထံမှ ဩဝါဒကထာနာယူကြည်ညိုကြပြီး ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ကိုကိုဇော်(သတင်းစဉ်)**

# အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

အလုပ်သမား ဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၅၁) အလုပ်သမား ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဆိုင်ရာ ရုံးချုပ်နှင့် နေပြည်တော်ကောင်စီနယ်မြေမှ အရာထမ်း၊ အမှုထမ်း ၅၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် မြို့နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်း ၄၂ ဦး Virtual System ဖြင့် တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမားများအပေါ် ဥပဒေအရလည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများအရလည်းကောင်း၊ ကုန်ထုတ်လုပ်မှုနှင့် လုပ်ငန်းခွင်ဆက်ဆံရေးတွင် ထိရောက်သည့် ဝန်ဆောင်မှုပေးနိုင်ရေးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှု ပိုမိုရရှိစေရေးဝန်ထမ်းအားလုံးက ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူစည်းကြပ်လျက်ရှိသည့် ဥပဒေများ၊ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသည့် အလုပ်သမားအခွင့်အရေးဆိုင်ရာ အခြေအနေများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်၊ မိမိတို့ကိုယ်တိုင် ရုံးလုပ်ငန်းများကို စနစ်တကျမှန်ကန်စွာ ဆောင်ရွက်နိုင်ကြရန်၊ မိမိရာထူးအဆင့်အလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ ယခုဖွင့်လှစ်ပို့ချသည့် သင်တန်းမှ အတွေ့အကြုံကောင်းများကို ရယူပြီး လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားအောင် အားစိုက် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ စာမျက်နှာ ၁၈ မှ

**သုတေသနပြုလေ့လာဆန်းစစ်မှုများ**

လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် သန့်ရှင်းသောပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များကို အသုံးပြုသည့် စက်မှုကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့် နည်းပညာများ အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းတို့နှင့်အတူ ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ သုတေသနပြုလေ့လာဆန်းစစ်မှုများ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်လာသည်။

လေထုညစ်ညမ်းမှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဝန်းကျင်လေထုအရည်အသွေး ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်ခြင်းသည် အဓိကလုပ်ငန်းတစ်ခုအဖြစ် အစဉ်မပြတ်ဆောင်ရွက်ရမည်ဖြစ်သည်။

သက်ဆိုင်ရာအစိုးရဌာန/ အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် များ၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏သက်ဆိုင်ရာကဏ္ဍအလိုက် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းအလိုက် ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ပြီး သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကျန်းမာသည့်လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

## စိတ်အားထက်သန်မှုရှိပါစေ

"တိုးတက်ကြီးပွားလိုစိတ် ရည်မှန်းချက်မရှိဘဲ ဘာမှစလို့မရပါဘူး။ စိတ်အားထက်သန်တဲ့ အားထုတ်လုပ်ဆောင်မှုရှိမှသာ ကြီးမားသော အောင်မြင်မှုအောင်ပွဲတွေက ရရှိလာမှာဖြစ်ပါတယ်။"

**ရာ့ဖ်ဝါလ်ဒို အယ်မာဆင်(၁၈၀၃-၁၈၈၂)**

**အမေရိကန်ကဗျာဆရာ၊ စာရေးဆရာ**



တိုးတက်ကြီးပွားချမ်းသာလိုစိတ် ရှိကြသည်ဟုသာ လူတိုင်းလူတိုင်းက ပြောကြမည်ဖြစ်သည်။ အမှန်တကယ် ကြီးပွားတိုးတက်နိုင်မည့်နည်းလမ်းများကိုကား လိုက်နာကျင့်ဆောင်နိုင်ခြင်း အားနည်းကြသည်။ ထို့ကြောင့်သာ လူတိုင်းလူတိုင်း ကြီးပွားတိုးတက်မှုမရနိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ကြီးပွားချမ်းသာကြသည့် ကမ္ဘာကျော်သူဌေးကြီးများသည် နေရင်းထိုင်ရင်း ကြီးပွားချမ်းသာလာကြသူများမဟုတ်။ ကြီးပွားချမ်းသာလိုသည့် ရည်မှန်းချက်ရှိပြီး စိတ်အားထက်သန်စွာဖြင့် အားထုတ်လုပ်ဆောင်ကြခြင်းကြောင့်သာ ကြီးပွားတိုးတက်လာကြသူများဖြစ်ကြောင်း၊ ယင်းတို့၏ အတ္ထုပ္ပတ္တိများက အခိုင်အမာသက်သေပြနေကြသည်။

ရည်မှန်းချက်ဟုဆိုရာတွင် ငယ်စဉ်ကပင် ကိန်းအောင်းနေတတ်သည့် ရည်မှန်းချက်အတွေးကိုယ်စီရှိကြသည်မှာ မှန်သော်လည်း အရွယ်အမျိုးမျိုး ဖြတ်သန်းမှုအရ ရည်မှန်းချက်များပြောင်းလဲသွားရသည်များလည်းရှိသည်။

ခိုင်မာသည့်ရည်မှန်းချက်ထားရှိနိုင်ရန်အတွက် ပညာသင်ရန်အခွင့်အလမ်းကလည်း လိုအပ်သည်။ ပညာသင်ရာရပ်ဝန်း၏ အခြေအနေများအရ ကျင်လည်ရသည့်အသိုင်းအဝိုင်းလည်း ကွာခြားသွားကြရသည်။ ထို့အပြင် ပညာသင်ရန်အခွင့်အလမ်းမှာ ရှေးကထက် သိသိသာသာ များစွာမြင့်တက်လာနေပြီဖြစ်သည်။ ယင်းတို့သည် ကလေးသူငယ်များအတွက် အခွင့်အရေးများ တိုးတက်သည်သာမက နိုင်ငံနှင့် လူမျိုးအတွက် အနာဂတ်ပိုမိုသာယာလှပရေးကို ထူထောင်ဖြည့်ဆည်းပေးခြင်းနှင့် အတူတူပင်ဖြစ်သည်။ ပညာသင်ကြားခွင့်မရရှိခြင်းက ကလေးသူငယ်များအတွက် သူတို့ဘဝတစ်သက်တာကို ပြင်းထန်စွာရိုက်ခတ်ခြင်းပင်ဖြစ်သည်။

သူငယ်တန်းတွင် ငယ်စဉ်က အတူတူအတန်းတစ်တန်းတည်းတက်ခဲ့ကြသော ကျောင်းနေဘက်သူငယ်ချင်းများသည် အလယ်တန်းသို့ပင် ဆက်လက်တက်ရောက်နိုင်ခြင်းမရှိသူများ ရှိသေးသည်။ ရွာကျောင်းတွင် လေးတန်းအောင်သည့် လူသုံးဆယ်မှာ ဆယ်ယောက်လောက်သာ ငါးတန်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ကျေးလက်ဒေသများတွင် ယခင်က ခုနစ်တန်းအောင်သည့်အခါ တစ်ခန်းတည်းအတူတက်ခဲ့ကြသည့်သူငယ်ချင်းများအနေဖြင့် အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်စွမ်းမရှိကြသည်ကများသည်။ အထက်တန်းကျောင်းသို့ မလိုက်နိုင်ကြသည်ကများသည်။ တောသူတောင်သားများအနေဖြင့် အထက်တန်းကျောင်းရှိရာ မြို့ကို သုံးနှစ်အနည်းဆုံး သားသမီးကိုပညာသင်ကြားပေးရန် မတတ်နိုင်သည်က များသည်။

ယခုအခါ ဟိုးအရင် နှစ်ပေါင်းသုံးဆယ်၊ လေးဆယ်နှင့်နှိုင်းဆလျှင် ပညာသင်ကြားခွင့် ဆုံးရှုံးရခြင်းမျိုး အတော်နည်းပါးသွားပေပြီ။ ပညာသင်ကြားခွင့် အခွင့်အလမ်းလည်း ပိုမိုတိုးတက်မြင့်မားလာပြီဖြစ်သည်။

ငယ်စဉ်က တက်ခဲ့ရသည့်ရွာကျောင်းသည်ပင်လျှင် အစိုးရအထက်တန်းကျောင်းဖြစ်နေပေပြီ။ ထို့အပြင် တစ်ရွာလုံးနီးပါး ဆယ်တန်းကျောင်းသားကျောင်းသူများအဖြစ် ကျောင်းတက်ခွင့်ရခဲ့ကြရာ အချို့မှာ တိုးတက်မှုဖြင့် အောင်မြင်ကြီးပွားနေကြပြီဖြစ်သည်။ အခြေခံပညာသင်ယူခွင့်ရရှိလိုက်ခြင်းအားဖြင့် အဆင့်မြင့်ပညာကို ဆက်လက်သင်ယူခွင့်ရရှိလာရသည်။ ထိုမှတစ်ဆင့် ဘွဲ့လွန်၊ မဟာဘွဲ့အတန်းများအထိ တက်ရောက်နိုင်ကြပြီး ပညာရေးအမွေကို လက်ဆင့်ကမ်းသင်ကြားပေးနိုင်သည့် ဆရာဆရာမများအဖြစ် ကျရာတာဝန်ကိုထမ်းရွက်နေကြသည်လည်း ရှိပေသည်။

သို့ဖြစ်၍ ပညာရေးကို မိသားစုတိုင်းက အလေးထားကာ ကျောင်းသင်ပညာရေးကို သားသမီးများ အာရုံစိုက်ပြီး ဆည်းပူးနိုင်ရန် အားပေးတိုက်တွန်းကြရပေမည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်တဲ့အထိ အဆင့်အတန်းရှိအောင် ကြိုးစားရမည့်အချိန်အခါမျိုးလည်းဖြစ်သည်။ တကယ်တတ်မြောက်ချင်စိတ်နှင့် ပညာကိုလိုလားရပါမည်။

"တိုးတက်ကြီးပွားလိုစိတ် ရည်မှန်းချက်မရှိဘဲ ဘာမှစလို့မရပါဘူး။ စိတ်အားထက်သန်တဲ့ အားထုတ်လုပ်ဆောင်မှုရှိမှသာ ကြီးမားသော အောင်မြင်မှု အောင်ပွဲတွေက ရရှိလာမှာဖြစ်ပါတယ်။" ဟု အမေရိကန်ကဗျာဆရာ၊ စာရေးဆရာ ရာ့ဖ်ဝါလ်ဒိုအယ်မာဆင်က ပြောကြားခဲ့ကြောင်း မှတ်သားဖူးပါသည်။

ပညာသင်ကြားမှုမှရရှိလာမည့် လူ့စွမ်းအားအရင်းအမြစ်များကိုအသုံးချကာ မိမိဘဝတိုးတက်မှုကို တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ အောင်မြင်ရမည်ဟူသည့် ရည်မှန်းချက်ထားရှိကာ စိတ်အားထက်သန်မှု ပြင်းပြစွာဖြင့် ကြိုးစားကြံဆောင်လုပ်ဆောင်နိုင်ခြင်းအားဖြင့် ဘဝမှာအောင်မြင်မှုရရှိကာ ကြီးပွားချမ်းသာမှု ကြီးကြီးမားမားရရှိသည်အထိ စွမ်းဆောင်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေတော့သည်။ ။

# မေးခွန်းတစ်ခုအဖြစ် ဘဝကိုလက်ခံပါ

အောင်မြတ်စည်သူ

No ကို အဖြေတစ်ခုအဖြစ် လက်ခံခြင်းမပြုပါနှင့်။ မေးခွန်းတစ်ခုအဖြစ် လက်ခံယူပါ။ No ဟူသော စကားလုံးကို ဤမေးခွန်းအဓိပ္ပာယ်ရှိပါစေ။ "မင်း... ဒါထက် ပိုပြီးဖန်တီးမှုစွမ်းရည် မရှိနိုင်ဘူးလား"

ကျွန်တော်၏ဆွေးနွေးဟောပြောပွဲများတွင် ကျွန်တော်သည် အရောင်းသမားများစွာနှင့်ဆက်ဆံရရာ ဆွေးနွေးရန် အပန်ကြီးခံရဆုံး အကြောင်းရပ်ကား ပစ္စည်းကို စိတ်ဝင်စားမှုမရှိသူကို ဖုန်းဆက်သိမ်းသွင်းရခြင်းနှင့် ငြင်းပယ်ခံရခြင်းပင်ဖြစ်သည်။ နေရာတကာမှာ အရောင်းသမားများနှင့် လူတွေ့ကြုံတွေ့ရသော အကြီးဆုံးပြဿနာတစ်ရပ်ကား တစ်ပါးသူတစ်ယောက်၏ No ကို သူတို့ အနက်ဖွင့်ဆိုပုံပင်ဖြစ်သည်။ လူများစွာတို့သည် No ကို အကြွင်းမဲ့၊ အပြီးသတ်နှင့် ပြင်းထန်သော ကိုယ်ရေးကိုယ်တာ ငြင်းပယ်မှုကိစ္စတစ်ရပ်အဖြစ် ကြားသိကြသည်။ သို့သော် No ကို သင်ဖွင့်ဆိုချင်သောအနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

ကျွန်တော်သည် အင်္ဂလိပ်စာဘွဲ့တစ်ခုဖြင့် ကောလိပ်မှအောင်လာသောအခါတွင် ကျွန်တော်တို့အလုပ်ခန့်ထားရန် အသည်းအသန်လိုလားနေသော ကုမ္ပဏီများမကြုံခဲ့ရပါ။ လူအများစုက အင်္ဂလိပ်စကားပြောကြားနေခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် အာရီဇိုးနားပြည်နယ် တပ်ဗ်ဆန်မြို့မှ ညနေထုတ် The Tucson Citizen သတင်းစာ၏ အားကစားသတင်းရေးဆရာအလုပ်ရရန် ကြိုးစားခဲ့သည်။

ကျွန်တော်သည် တပ်မတော်တွင် လေးနှစ်မျှအမှုထမ်းခဲ့ပြီး အထက်တန်းကျောင်းအောင်ပြီးနောက် အားကစားအကြောင်း ဘာမျှရေးသားမှုမပြုခဲ့ချေ။ ကျွန်တော်ထိုအလုပ်ကို လျှောက်သောအခါတွင် ကျွန်တော့် အဓိကပြဿနာမှာ ယခင်က အားကစားသတင်းရေးသည့် အလုပ်မလုပ်ဖူးခြင်းပင်ဖြစ်သည်ဟု ကျွန်တော့်ကိုပြောကြားခဲ့ပါသည်။ ယင်းသည် သင့်မှာအတွေ့အကြုံမရှိသောကြောင့် ကုမ္ပဏီတစ်ခုက သင့်ကိုမခန့်နိုင်သည့် သမားရိုးကျအခြေအနေပင်ဖြစ်ခဲ့သည်။ သို့သော် သင့်ကို မည်သူမျှ အလုပ်မခန့်၊ မငှားရမ်းပါလျှင် သင်မည်သို့ အတွေ့အကြုံရမည်နည်း။

ကျွန်တော်၏ ကနဦးခံစားချက်မှာ သူတို့၏ အပြီးသတ်အဖြေကို No ဟု လက်ခံလိုက်ရန်ပင် ဖြစ်သည်။ တကယ်တမ်းပြောရလျှင် သူတို့ ပြောလိုက်ခဲ့သည့် စကားကား ထိုစကားပင်မဟုတ်ပါလား။ သို့သော် ကျွန်တော်က No အား "မင်း... ဒါထက်ပိုပြီး ကြံကြံဆဆစွမ်းရည်မရှိဘူးလား"ဟု အဓိပ္ပာယ်ဆောင်စေရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့်ကျွန်တော် အိမ်ပြန်သွားပြီး နောက်လုပ်ကွက်ကို အကြံထုတ်စီစဉ်လိုက်သည်။ သူတို့ ကျွန်တော့်ကို မငှားရမ်းခြင်းမှာ ကျွန်တော် အတွေ့အကြုံမရှိသောကြောင့်ဖြစ်သည်။ ထိုအချက် မည်သည့်အတွက်ကြောင့် အရေးပါလှသနည်းဟု သူတို့ကို မေးမြန်းလိုက်သောအခါတွင် "ခင်ဗျားအားကစားသတင်းတွေ ရေးနိုင်၊ မရေးနိုင် ကျွန်တော်တို့ သေချာပေါက်သိနိုင်တဲ့နည်းလမ်းမရှိဘူး။ အင်္ဂလိပ်စာ အဓိကဘာသာအဖြစ် ယူထားရုံနဲ့ မလုံလောက်ဘူး" သူတို့ အပြုံးနှင့်ဆိုခဲ့ကြသည်။

ထိုအခါမှ ကျွန်တော်အတွေးပေါ်သွားခဲ့သည်။ သူတို့၏ တကယ့်ပြဿနာမှာ ကျွန်တော်၏ အတွေ့အကြုံချို့တဲ့ခြင်းမဟုတ်ချေ။ သူတို့ အသိချို့တဲ့ခြင်းပင်ဖြစ်သည်။ ကျွန်တော်ကောင်းကောင်းကန်းကန်း ရေးသားနိုင်မှန်း သူတို့မသိခဲ့ကြချေ။ ထို့ကြောင့် ကျွန်တော်သည် သူတို့ပြဿနာကို ဖြေရှင်းပေးရန်တာစူခဲ့သည်။ သူတို့ထံတွင် ကျွန်တော့်စာများ စတင်ရေးသားလာခဲ့သည်။ ထိုရာထူးအတွက် တခြားသူ လေးဦးကို သူတို့တွေ့ဆုံမေးမြန်းမှုပြုနေကြောင်း ကျွန်တော်သိခဲ့သည်။ တစ်လတာကာလအတွင်း သူတို့ဆုံးဖြတ်ချက်ချပေမည်။ ကျွန်တော်သည် အားကစားအယ်ဒီတာ ကွယ်လွန်သူ ရီဂျစ်မက်ဩလေး (ဆုရစာရေးဆရာတစ်ဦးဖြစ်ပြီး တပ်ဗ်ဆန်သို့မလာမီ ကလိဗ်လန်းတွင် နာမည်ရလာခဲ့သူတစ်ဦးဖြစ်သည်) ထံသို့ နေ့စဉ်စာတစ်ကြောင်း ရေးသားခဲ့သည်။

ကျွန်တော့်စာများသည် ရှည်လျားပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ရှိခဲ့သည်။ ကျွန်တော်သည် ယင်းတို့ကို မှန်းခြယ်မှုပြုနိုင်သမျှ ကောင်းစေနိုင်သမျှ ကောင်းအောင်ရေးဖွဲ့ခဲ့သည်။ နေ့စဉ်အားကစားသတင်းများနှင့် ပတ်သက်၍ သုံးသပ်မှုပြုပေးခဲ့သည်။ သူတို့ဝန်ထမ်းအဖြစ် ကျွန်တော်မည်မျှ သင့်တော်သည်ကို သိမြင်စေခဲ့သည်။

တစ်လမျှကြာသောအခါတွင် မစ္စတာမက်ဩလေးက ကျွန်တော့်ထံဖုန်းဆက်၍ လျှောက်ထားသူနှစ်ယောက်ကို ဆန်ခါတင်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း တစ်ယောက်မှာကျွန်တော်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကျွန်တော်နောက်ဆုံး အင်တာဗျူးအတွက် လာရောက်နိုင်ပါမည်လားဟုဆိုရာ ကျွန်တော်သည် စိတ်လှုပ်ရှားခဲ့သောကြောင့် စကားပြောခွက်ကိုပင် မျိုချမိတော့မလောက် ဖြစ်ခဲ့ရသည်။

ကျွန်တော်အင်တာဗျူးပြီးခါနီးတွင် (ကျွန်တော်သည် ဒုတိယလူအဖြစ် ဝင်ရောက်ခဲ့ရသည်) မက်ဩလေးက ကျွန်တော့်ကို နောက်ဆုံးမေးခွန်းတစ်ခွန်းမေးရန်ရှိခဲ့သည်။

"မင်းကို တစ်ခုမေးပါရစေ စတိဗ်၊ မင်းကို ငါတို့ခန့်ရင် မင်းငါ့ဆီကို မဆုံးစတမ်း စာတွေမပို့တော့ပါဘူးလို့ ကတိပေးနိုင်မလား" ဟု သူက ဆိုခဲ့သည်။

ကျွန်တော်က မရေးတော့ပါဟု ပြောလိုက်သောအခါ သူကရယ်မောလျက် ကျွန်တော့်ကိုပြောလိုက်သည်။

စွန့်စားမှုတစ်ခုမျှမပြုမီတွင် အချိန်ယူစီစဉ်မှုပြုပါ။ သင်၏ တိုက်ခိုက်ရေး အစီအစဉ်ကို ပုံဖော်ပါ။ တခြားနပန်းသမားတစ်ယောက် ပြုလုပ်နေသည်ကို တုံ့ပြန်ရုံသာမပြုပါနှင့် သင့်ကို ဘဝက တုံ့ပြန်ပါစေ။ ပထမရွှေ့လျားမှု မှန်သမျှကို သင်ကပြုနေပါလျှင် ဘဝကို အခါခါချုပ်ကိုင်ထားနိုင်ပုံကို အံ့ဩပါလိမ့်မည်။

[Ref : Accept life as a question by steve chandler]

■

# ငွေကို စိတ်ဖြင့် ဆွဲပုံ

ပီမိုးနင်း

ကျွန်ုပ်လိုချင်သောအရာကို စိတ်စွဲလိုက်လျှင် ရ၏။

မာစတာကီးခေါ် ဆိုင်ကိုလိုဂျီကျမ်းနှင့် အခြားကျမ်းများ၌ လိုချင်တောင့်တသောအရာတစ်ခုခုကို မရမည်၊ ရမည်ဟု အမြဲစိတ်ဖြင့် ယုံယုံကြည်ကြည်ဆိုလျက် ထင်မြင်၍နေချေက မရဘဲမနေနိုင်။ ရမည်သာတည်းဟု ပါရှိလေသည်။

ငွေကြေးကိုလည်း ထို့အတူ စိတ်ဖြင့်ဆွဲနိုင်၏။ ငွေကို ငါရမည်၊ ငွေရဖို့နည်းလမ်း ပေါ်ရမည်။ ပေါ်လာသည့် နည်းလမ်းဟူသမျှကို ငါအသုံးပြုမည်ဟူသောစိတ်ကို အမြဲထားရမည်။ ဆိတ်ငြိမ်သည့်အခါ ကိုယ်လက်အကြောအခြင်များကိုလျှော့ပြီး အိပ်ရာ၌ဖြစ်စေ၊ ပက်လက်ကုလားထိုင်၌ဖြစ်စေ ချမ်းသာစွာပက်လက်နေလျက် ငွေကိုရဖို့ရန် ထိုကဲ့သို့ စိတ်ဖြင့်ခေါ်ရမည်။ သို့ခေါ်သည့်အခါ ငွေရဖို့ရန် နည်းလမ်းတစ်ခုခု၊ အလုပ်တစ်ခုခုပေါ်ပေါက်၍ လာရလေသည်။

ကျွန်ုပ်ကိုယ်တိုင် အခါများစွာ ထိုနည်းဖြင့် အလိုပြည့်ဝဖူး၏။ တစ်ရံသောအခါ၌ ရခဲလှသော စာအုပ်တစ်အုပ်ကို လွန်စွာရလိုသဖြင့် ထက်သန်သောစိတ်နှင့် တောင့်တထင်မြင်ရာ မတွေးခေါ် မမျှော်လင့်သော တောအရပ်အိမ်တစ်အိမ်၌ ထိုစာအုပ်ကို တွေ့ခဲ့ရလေသည်။ ထိုကဲ့သို့လိုတရရှိသော အကြိမ်ပေါင်းအတော်ပင်များခဲ့လေပြီ။ စာပုံနှိပ်စက်ကို အလိုရှိသဖြင့် သုံးလလောက် ဆက်လက်တောင့်တခဲ့ရာ သာယာဝတီမြို့၌ မိတ်ဆွေတစ်ယောက်က ကိရိယာအစုံအလင်ရှိသော မိမိ၏စာပုံနှိပ်စက်တစ်လုံးကို လပြန်ပေးနှင့် တဖြည်းဖြည်းပေးနိုင်သလောက် ပေးဆပ်ပါဟုပြော၍ အပ်ခဲ့ပြီး အခြားအရပ်သို့ ပြောင်းရွှေ့သွားသဖြင့် စက်တစ်ခု အချောင်ရဖူးလေသည်။

အလုပ်အကိုင်ပျက်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ စိတ်အားမငယ်နှင့်။ ငွေဝင်လမ်းမရှိသောကြောင့် စိတ်မပျက်နှင့်။ လမ်းအခွင့်ပေါ်လာရမည်။ ငါ မဆင်းရဲနိုင်။ ဤလောကဓာတ်သည် စားသုံးမကုန်အောင် ကြွယ်ဝ၏။ ငါသည် ကြွယ်ဝသော လောကဓာတ်ကြီး၏ အမွေခံဖြစ်၏။ ငါမဆင်းရဲနိုင်ဘူးဟု ယုံယုံကြည်ကြည် စိတ်ချလက်ချ တောင့်တမျှော်လင့်ရမည်။ သို့မျှော်လင့်သည့်အခါ၊ တောင့်တသည့်အခါ အံကြိတ်ခြင်း၊ လက်သီးဆုပ်ခြင်းမရှိစေရ။ လက်သီးဆုပ်ခြင်း၊ အံကြိတ်ခြင်း၊ တင်းခြင်း၊ တောင့်ခြင်းသည် စိတ်၏တန်ခိုးအရှိန်ကို ချုပ်ချယ်သည်နှင့်တူလေသည်။ သို့ဖြစ်လေရာ ကိုယ်လက်ကို ပျော့ပျော့ကလေး၊ ချမ်းသာနိုင်သမျှ ချမ်းသာစွာထားရမည်။

**ကိုယ်ပိုင်အတွင်းရန်**

အကြောက်သည် အဆိုးဆုံးသော လက်ဝဲစိတ်ဖြစ်၏။ စိတ်ပျက်ဖွယ်၊ အားငယ်ဖွယ်အခြေအနေတို့နှင့် ကြုံတွေ့ရသည့်အခါ ငါဒုက္ခဖြစ်တော့မည်။ ငါဆင်းရဲတော့မည်။ ငါငတ်တော့မည်ဟု တွေး၍ကြောက်ချေက တန်ခိုးကြီးသော လက်ယာစိတ်အားကို ပိတ်ပင်ဖြိုဖျက်သကဲ့သို့ဖြစ်ပြီး ကြောက်သလိုဖြစ်တတ်၏။

ဆင်းရဲမှာကိုကြောက်လျှင် ဆင်းရဲမည်။ ရောဂါရမှာကို ကြောက်လျှင် ရောဂါရမည်။ အသက်တိုမှာကိုကြောက်လျှင် အသက်တိုမည်ဟု စိတ်ပုံသေမှတ်ကာ အကြောက်ကို ဖျောက်ရမည်။

အခါများစွာ အလိုအလျောက် စိတ်အားငယ်တတ်၏။ ကြောင့်ကြပူပင်သောစိတ်တွေ ပေါ်လာတတ်၏။ ထိုအခါ ထိုစိတ်များကို ပျောက်ပျက်အောင် လည်ပတ်ရမည်။ တေးဆိုရမည်။ တီးမှုတ်ရမည်။ အပြစ်ကင်းစွာ ပျော်တတ်သောနည်းလမ်းတစ်ခုခုရှိက ထိုနည်းလမ်းအတိုင်း ပျော်ရမည်။

အချို့သောသူများသည် သားအတွက်ပူ၊ မယားအတွက် ပူပင်ကြ၏။ ငါမရှိလျှင် ခွေးဖြစ်ကြတော့မည်။ ငါသေလျှင် အဘယ်လိုနေကြပါမည်နည်း စသည်ဖြင့် တွေးလေကြောက်လေ၊ ဖြေဖျောက်၍မရအောင် မသေမီဆင်းရဲဒုက္ခဖြစ်နေတတ်ကြ၏။

ထိုအတွေးမျိုးသည် လွန်စွာဆိုး၏။ ထိုကဲ့သို့တွေးခြင်းသည် တွေးသည့် အတိုင်းဖြစ်အောင် မိမိကိုယ်ကို ပြုစားရာရောက်လေသည်။ သေမှာကို မကြာမကြာတွေးလျှင် သေတတ်လေသည်။

အချို့သောသူများသည် မင်္ဂလာ၊ အမင်္ဂလာကို လွန်စွာရွေးတတ်ကြ၏။ နံနက်စောစော အဝတ်ကို ဦးခေါင်းထက်ကိုတင်လျက် အိမ်ကိုလာသော မိန်းမကြီးတစ်ယောက်အား အမင်္ဂလာဟုစွပ်စွဲကာ အတင်းနှင်ချသော ဂုဏ်သရေရှိ မိန်းမတစ်ယောက်ကိုပင် တွေ့ဖူးလေသည်။

ထိုကဲ့သို့ ကြောက်ရွံ့တတ်သူတို့မှာ မကြာမကြာ အမင်္ဂလာအနိဋ္ဌာရုံတို့နှင့် တွေ့တတ်ကြလျက် အလုပ်အကိုင်အကြံအစည်များကိုပင် ထိခိုက်ကြောင်း သိရလေသည်။

၎င်းတို့၏စိတ်၌ မိမိတို့ကြောက်ရွံ့သော အမင်္ဂလာတို့၏ မကောင်းကျိုးကို အကျိုးမဲ့ခံကြရလေသည်။

ကပ်ရောဂါများ ဖြစ်ရာ၌လည်း ကြောက်ရွံ့အားကြီးသူများမှာ အခြားသူများထက် အရင်ရောဂါရ၍ သေဆုံးကြရလေသည်။

သို့ဖြစ်လေရာ လောက၌ အကြောက်သည် ကြောက်မက်ဖွယ် အကောင်းဆုံးသော ကိုယ်ပိုင်အတွင်းရန်သူဖြစ်လေသတည်း။ ။

# တန်ဖိုးရှိသူဖြစ်ချင်သလား

မောင်ထူးချွန်

တန်ဖိုးရှိသူဖြစ်ချင်သလားဆိုရင် အားလုံးက တန်ဖိုးရှိသူဖြစ်လိုကြမှာပါပဲ။ တန်ဖိုးရှိသူတစ်ယောက်ဖြစ်ဖို့ရာ တန်ဖိုးရှိတဲ့အရည်အချင်းတွေ မိမိမှာရှိနေဖို့လိုတာပေါ့ကွယ်။




အရည်အချင်းဆိုတဲ့နေရာမှာလည်း ကျောင်းသားကျောင်းသူဆိုရင် အတန်းလိုက်ရှိသင့်ရှိအပ်တဲ့ အရည်အချင်းရှိနေဖို့။ ဝန်ထမ်းဆိုရင်လည်း သက်ဆိုင်ရာတာဝန် ထမ်းဆောင်ရတဲ့တာဝန်ပိုင်းမှာ ရှိသင့်ရှိအပ်တဲ့ အရည်အချင်းရှိဖို့၊ လုပ်ငန်းရှင်ဆိုရင်လည်း ယင်းတို့နဲ့ကိုက်ညီတဲ့အရည်အချင်းရယ်လို့ ရှိနေရမှာပေါ့ကွယ်။

ဒါမှသာ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ အောင်မြင်မှုရရှိမှာဖြစ်တယ်။

သက်ဆိုင်ရာအရည်အချင်းတွေရှိဖို့ မိမိနဲ့ သက်ဆိုင်တဲ့ဘာသာရပ်တွေကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူလေ့ကျင့်နေရမယ်။ ဒါ့အပြင် စာပေကို ဖတ်ရှု၊ လေ့လာမှတ်သားဖို့လည်းလိုတယ်ကွယ့်။

ဟောပြောပွဲတစ်ခုမှာ စာရေးဆရာကြီး လယ်တွင်းသားစောချစ်က သူ့ဘဝအကြောင်း တစ်စွန်းတစ်စကောက်နှုတ်ပြီး ထည့်သွင်းဟောပြောရာမှာ သူဆယ်တန်းကျောင်းသားအရွယ်တုန်းက ထင်ရှားအောင်မြင်နေတဲ့ စာရေးဆရာတစ်ယောက်ရဲ့ "ဘဝစာမေးပွဲ"ဆိုတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်မိရာကနေ ဆယ်တန်းစာမေးပွဲကို မဖြေဖြစ်တော့တဲ့အကြောင်းနဲ့ မဖြေဖြစ်တာ ခြောက်နှစ်တိတိတောင် ကြာမြင့်ခဲ့တယ်လို့ သိရတယ်။

စာပေရဲ့ရိုက်ခတ်မှုဟာ အလွန်တရာပြင်းထန်ပါတယ်။ အထူးသဖြင့် ရသစာပေဟာ လူတွေရဲ့ နှလုံးသား တစ်ခုလုံးကို ချုပ်ကိုင်လွှမ်းမိုးခြယ်လှယ်နိုင်ပါတယ်။ ဒါဟာ အကျယ်ချဲ့လွန်းတယ်လို့ ထင်စရာပါပဲ။ ဒါပေမဲ့ ရသစာပေဂန္ထဝင် စာကောင်းပေကောင်းတွေကို ထိတွေ့ဖတ်ဖူးသူနဲ့ မထိတွေ့ဖူးသူတို့ရဲ့ နှလုံးသားအရည်အသွေးဟာ တိုင်းတာလို့မရအောင် ကွဲပြားခြားနားလှပါတယ်။ ရသစာပေက လူသားကို ယဉ်ကျေးစေပါတယ်။ ရသစာပေက လူသားကို နူးညံ့ပျော့ပျောင်းစွာနဲ့ အတွေးအခေါ်သစ်တွေကို ရရှိစေပါတယ်။ ရသဟာ စွဲစေတယ်၊ ခိုင်မြဲစေတယ်။ အလွန်တရာထိရောက်လှပါတယ်။ မှော်ပညာ၊ ကဝေပညာ စတာတွေထက်တောင် ပိုမိုဆန်းကြယ်ပါတယ်။

ရသစာပေဟာ ကောင်းကျိုးများစွာပေးနိုင်သလို ဆိုးကျိုးလည်းပေးနိုင်တာပါပဲ။ ဘဝစာမေးပွဲဆိုတဲ့ ဝတ္ထုတစ်ပုဒ်ဟာ စာရေးဆရာရဲ့ ဂုဏ်သတင်းအရှိန်အဝါ၊ ထိုစာရေးဆရာရဲ့ အနုပညာ၊ အဲဒါတွေနဲ့ ပေါင်းလိုက်ရင်တော့ စာဖတ်သူလူငယ်လူရွယ် ဆယ်ကျော်သက် ကျောင်းသား ကျောင်းသူများစွာကို ကျောင်းသင်ပညာရေးရဲ့အသုံးမကျပုံ၊ ဘဝမှာ စာမေးပွဲအောင်တိုင်း အောင်မြင်တာမဟုတ်။ စာမေးပွဲကျတိုင်းကျရှုံးတာမဟုတ်။ စာမေးပွဲနဲ့ဆုံးဖြတ်သုံးသပ်တာတွေဟာ တကယ်တော့ အဓိပ္ပာယ်မရှိပါဘူး။ ပညာတတ်၊ ဘွဲ့ရဖြစ်တော့ကော ဘာဖြစ်လာမှာလဲ။ ဆိုက်ကားနင်းရမှာပေါ့။ ဘီအေဆိတ်သားကင် ဆိုပြီးရောင်းပေါ့။ လက်ရှိပညာရေးဟာ ဘာအာမခံချက်မှမရှိပါဘူး အစရှိသဖြင့် အရက်မူးပြီး လျှောက်ရေးထားသလိုမျိုး ရမ်းတာတွေအများကြီး ပါတတ်ကြပါတယ်။

ရသရဲ့စွမ်းအားကတော့ ကြီးမားတာပဲ။ ကျောက်ဆည်နယ် ဝန်းသိုရွာက မောင်တင်လှိုင်ဆိုတဲ့ ဆယ်တန်းကျောင်းသားလေးဟာ "ဘဝစာမေးပွဲ" ဝတ္ထုကိုဖတ်ပြီး အဲဒီထဲက ဇာတ်လိုက်လိုပဲ စာမေးပွဲကို မဖြေတော့ဘူးတဲ့လေ။ စာရေးဆရာကြီး မြသန်းတင့်က "ကျွန်တော်အဲဒီဝတ္ထုကို ဖတ်မိတယ်။ ဒီလို အကျိုးသက်ရောက်မှုမျိုး ရှိလာနိုင်တယ်လို့ ထင်မိခဲ့တယ်။ အဲဒီဝတ္ထုရဲ့ သားကောင်ဟာ ခင်ဗျားဖြစ်ခဲ့တာကိုး"လို့ ပြောခဲ့ဖူးသတဲ့။ ဆရာကြီးမြသန်းတင့်ကတော့ တက္ကသိုလ်ပညာတတ် B.A, B.L ဘွဲ့ရဖြစ်လေတော့ ပညာရေးကိုချိုးနှိမ်ပုတ်ခတ်တာမျိုး ဘယ်သောအခါမှမရေးခဲ့ပါ။ ပညာရဲ့တန်ဖိုးကို ကောင်းစွာနားလည်တာပေါ့။ မောင်တင်လှိုင်ဆိုတာ နောင်တစ်ချိန်မှာ စာရေးဆရာကြီး လယ်တွင်းသား စောချစ်ရယ်လို့ အောင်မြင်လာတဲ့သူပေါ့ကွယ်။

ခြောက်နှစ်လုံးလုံးယောင်ပေပေနဲ့ မျောနေတဲ့ မောင်တင်လှိုင်ဟာ ဆရာကြီးပီမိုးနင်းနဲ့တွေ့မှပဲ သူ့ရဲ့ ရှုးကြောင်ကြောင်အတွေးတွေ ပျောက်ကင်းချမ်းသာခဲ့ရပါတယ်။ သူ့ရဲ့ချစ်စွာသော သူငယ်ချင်း(နောင်အခါ သူတို့နှစ်ဦးစလုံး တက္ကသိုလ်တွေမှာ လူရည်ချွန်တွေဖြစ်လာကြပါတယ်။) တစ်ဦးက သူ့အတွက် ဆရာကြီးပီမိုးနင်းရဲ့ ဘဝတိုက်ပွဲ၊ အောင်စိတ်၊ အောင်မြင်ရေး၊ ကိုယ့်ထူးကိုယ်ချွန် အစရှိတဲ့စာအုပ် ၂၂ အုပ်တိတိ လက်ဆောင်ပေးပြီး "ဟော့ကောင် ဖတ်ဖြစ်အောင်ဖတ်နော်" လို့ သေသေချာချာတိုက်တွန်းသွားခဲ့တာကြောင့် ကြိုးစားပမ်းစား ဖတ်လိုက်တာ တစ်အုပ်ဖတ်ပြီးတိုင်း စိတ်ဓာတ်တွေ တက်တက်လာတယ်။ ခွန်အားတွေတိုးတိုးလာတယ်။

လောကကြီးကို ငါအောင်နိုင်မှာပဲလို့ ယုံကြည်စိတ်တွေပေါ်လာတယ်။ ၂၂ အုပ်ဖတ်ပြီးတဲ့ အချိန်မှာတော့ မိုးကို ဒူးနဲ့တက်တိုက်ချင်စိတ်တောင် ပေါက်လာပါသတဲ့။ ဆရာကြီးလယ်တွင်းသား စောချစ်ရဲ့ ပြောစကားတွေပါ။

မောင်တင်လှိုင်ဟာ စာကြိုးစားပြီး ဆယ်တန်းစာမေးပွဲဖြေလိုက်တာ အမှတ်ကောင်းကောင်းနဲ့ အောင်ခဲ့ပါသတဲ့။ မန္တလေးတက္ကသိုလ်မြန်မာစာအဓိက တက်ရောက်သင်ကြားတာ လူရည်ချွန်အဖြစ် နှစ်ကြိမ် အရွေးခံခဲ့ရတယ်လို့ ဆိုပါတယ်။

"ဘဝတိုက်ပွဲ" နဲ့ "အောင်စိတ်" အစရှိတဲ့ ဆရာကြီးပီမိုးနင်းရေးတဲ့ သုတစာပေဟာလည်း လူငယ်တွေကို ပုံသွင်းပြုပြင်နိုင်ပါပေရဲ့။ ယခုထိတင်ပြတဲ့ တကယ့်ဖြစ်ရပ်သာဓကကိုကြည့်ရင် စာပေဟာ စာဖတ်သူကို ကောင်းအောင်၊ ဆိုးအောင်၊ တိုးတက်အောင်၊ ဆုတ်ယုတ်အောင်လွှမ်းမိုးခြယ်လှယ်နိုင်တယ်ဆိုတာပါပဲ။ ရသစာပေက ဆိုးကျိုးပေးခဲ့ပြီး သုတစာပေက ကောင်းကျိုးပေးခဲ့တယ်လို့ တထစ်ချတွက်လို့မရပါဘူး။ တစ်လွဲကောက်ချက် မဆွဲမိစေဖို့ လိုပါတယ်။ ရသဟာ ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ ပေးနိုင်ပါတယ်။ ရသစာပေဟာ ပိုမိုလေးနက်ထက်မြက်ပါတယ်။

သုတစာပေဆိုတာ သိစရာ၊ တတ်စရာ၊ နားလည်စရာတွေဖြစ်ပါတယ်။ အလွန်တန်ဖိုးရှိပါတယ်။ အသုံးကျပါတယ်။ ဘာသာရပ်၊ ပညာအလိုက် တက္ကသိုလ်အသီးသီးက စာအုပ်စာပေတွေဟာ သုတစာပေတွေချည်း ဖြစ်ပါတယ်။ လူ့ဘောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါတယ်။ အရေးလည်း ကြီးပါတယ်။

မောင်တို့မယ်တို့ဟာ သုတစာပေ၊ ရသစာပေစတဲ့ စာပေထဲက တန်ဖိုးရှိတဲ့ခွန်အား၊ စွမ်းအားတွေကိုသာ သင့်လျော်စွာအသုံးချနိုင်မယ်ဆိုရင် ဘဝမှာ အောင်မြင်ကြီးပွားတိုးတက်ကာ တန်ဖိုးရှိတဲ့သူတစ်ယောက်ဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

(၂၀၂၀)ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်းမရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ်မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့ တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၈၄,၀၉၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၅၂) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၄၃၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၃၅) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၃၁) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၈) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၂၀၄) ခု | (၄)ဦး |
| စုစုပေါင်း | (၇,၃၇၂) ခု | (၉)ဦး |

အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၃၂၁၇၀၃ | ၈၃၁၅၉၇၉၂ | ၁၀၃၅၈၄၇ |
| ၂။ | အိန္ဒိယ | ၄၃၂၃၂၀၀၄ | ၄၂၆၅၇၃၃၅ | ၅၂၄၇၇၁ |
| ၃။ | ဘရာဇီး | ၃၁၄၅၆၈၆၅ | ၃၀၁၈၂၁၇၃ | ၆၆၈၀၇၇ |
| ၄။ | ပြင်သစ် | ၂၉၈၄၉၉၁၉ | ၂၉၂၁၀၅၈၇ | ၁၄၈၇၄၉ |
| ၅။ | ဂျာမနီ | ၂၆၈၆၀၉၄၂ | ၂၅၉၃၉၉၀၀ | ၁၄၀၁၉၆ |
| ၆။ | ဗြိတိန် | ၂၂၃၈၂၃၅၂ | ၂၂၀၃၇၁၉၂ | ၁၇၉၂၁၇ |
| ၇။ | ရုရှား | ၁၈၃၇၉၅၈၃ | ၁၇၇၉၈၂၄၅ | ၃၈၀၀၇၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၂၉၂၈၈ | ၁၈၀၁၂၃၄၉ | ၂၄၃၈၈ |
| ၉။ | အီတလီ | ၁၇၆၅၃၃၇၅ | ၁၆၈၆၃၇၇၀ | ၁၆၇၃၉၁ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၂၄၂၉ | ၉၅၆၂၅၂၃ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၁၀၇၉ | ၅၈၉၉၅၀၁ | ၁၅၆၆၅၂ |
| ၃။ | မလေးရှား | ၄၅၂၆၂၉၈ | ၄၄၆၈၁၉၁ | ၃၅၇၁၂ |
| ၄။ | ထိုင်း | ၄၄၈၆၆၆၄ | ၄၄၃၄၅၂၉ | ၃၀၃၅၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၃၆၀၈ | ၃၆၃၀၀၅၀ | ၆၀၄၆၁ |
| ၆။ | စင်ကာပူ | ၁၃၄၁၂၅၆ | ၁၂၆၀၆၃၅ | ၁၃၉၇ |
| ၇။ | မြန်မာ | ၆၁၃၄၅၂ | ၅၉၂၄၃၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၅၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၃၆၁၁ | ၁၅၀၅၅၀ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

[ ၆ ]

မိမိကိုယ်မိမိ အရာရာကို အလွယ်တကူမေ့ပျောက်နိုင်စွမ်းရှိသူတစ်ယောက်ဟု ကိုငှက်ရိုး မထင်ပေ။ အမှတ်သညာ ကြီးလွန်းလှသူတစ်ယောက်လည်း မဟုတ်ခဲ့။ သို့ရာတွင် အချို့သောကိစ္စရပ်များ၌ အလွယ်တကူ မေ့ပျောက်နိုင်စွမ်းရှိအောင် ကြိုးစားခဲ့ရသည်လည်း ရှိသည်။ တမင်တကာပင် မေ့မေ့ပျောက်ပျောက်ဖြစ်အောင် နေခဲ့ရသည်လည်း ရှိသည်။

အထူးသဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ပတ်သက်သော ကိစ္စ၊ နန်းကိန္နရီနှင့် စပ်လျဉ်းသောအဖြစ်။

ဤသည်များကို ကိုငှက်ရိုး တမင်တကာမဟုတ်သည့်တိုင် တတ်နိုင်သမျှ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် နေခဲ့သည်။ မတွေးမိအောင်၊ မစဉ်းစားမိအောင် ကြိုးစားခဲ့သည်။

ယခုတော့လည်း သည်ဖြစ်ရပ်များသည် တမင်တကာမဟုတ်ဘဲ အလိုလိုမေ့ပျောက်စပြုနေခဲ့ပေပြီ။ သူ့ဘဝ၌ ပေါ်ပေါက်ခဲ့ဖူးသည့် အခြားသောဖြစ်ရပ်များနည်းတူ မှေးမှိန်စပြုနေခဲ့ပေပြီ။

သူသည် ယခုအခါ ယုဇနသန်းကြည်အငြိမ့်အဖွဲ့သို့ ရောက်နေသည်။ မြလွှာရုံနှင့် တစ်နှစ်သာ ကပြခဲ့သည်။ ပြဿနာတစ်စုံတစ်ခုကြောင့် မြလွှာရုံအဖွဲ့မှ ထွက်ခဲ့သည် မဟုတ်။ ယုဇနသန်းကြည်အဖွဲ့မှ ခေါ်ယူသောကြောင့်၊ ငွေအနည်းအပါးဆိုသလိုပို၍ရသောကြောင့် ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

လူဟောင်းများနှင့်ကွဲကာ လူသစ်များနှင့် တွဲရသည်။ ဦးမြတ်စံတို့လို၊ ကိုသော်တာတို့လို တစ်ခါတစ်ရံ နန်းကိန္နရီအကြောင်း လွမ်းလွမ်းဆွတ်ဆွတ် ပြောလေ့ရှိသူများနှင့် မဆုံတွေ့ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့်လည်း သူသည် နန်းကိန္နရီကိုတစ်စထက်တစ်စ မေ့လျော့စ ပြုလာလေသည်။ နန်းကိန္နရီမှတစ်ဆင့် ပတ်သက်ခဲ့ရလေသော ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်း သူ့စိတ်အတွေးသို့ ရောက်မလာသည်မှာ ကြာချေပြီ။

ကိုမောင်မောင်ဦး။

အဲသည်လူကိုတော့ တစ်ခါတစ်ရံ အမှတ်ရမိလေသား။

အမှတ်ရမိသည်သာဆိုရသော်လည်း သည်လူနှင့် မတွေ့ခဲ့ရသည်မှာ ကြာချေပြီ။ သူနှင့်တွေ့ရလေ့ရှိသော အရက်ဆိုင်ကို ကိုငှက်ရိုးရှောင်ခဲ့သည်။ ထိုဆိုင်ကိုမြင်ရပြီး တတ်နိုင်သမျှ ရှောင်နေမိခြင်းကပင် သူ့ကိုအမှတ်ရဖို့ ဖြစ်လာတတ်လေသည်။

သည်သို့ဖြင့် သူတို့အားလုံးနှင့် စပ်လျဉ်းသောကိစ္စရပ်များကို ကိုငှက်ရိုး မေ့မေ့ပျောက်ပျောက်ရှိခဲ့သည်။ အလိုအလျောက် သတိတရရှိလာလေသော ကာလများတွင်လည်း မေ့ပျောက်စေရန်ကို ကြိုးစားခဲ့သည်။

ယင်းသို့ ရှိစဉ်ခိုက်၌ ကိုမောင်မောင်ဦးဆိုသူကိုတွေ့လိုက်ရသောအခါ ကိုငှက်ရိုး အံ့သြတုန်လှုပ်သွားမိလေသည်။




အငြိမ့်နားသောရက်၊ ကိုငှက်ရိုးအိမ်မှာရှိနေခိုက် ကိုမောင်မောင်ဦးဆိုသူသည် အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ သူနှင့် ပက်ပင်းပါ ဆုံရသည်။

ကိုငှက်ရိုးသည် ကိုမောင်မောင်ဦးဆိုသူအား များစွာ လိုလားနှစ်သက်ဟန်မပြဘဲ ကြိုဆိုသည်။ လက်ခံစကားပြောရသည်။

"တစ်ဆိတ်လောက် နန်းကိန္နရီကို ဘယ်လိုအဆက်အသွယ် လုပ်ရမယ်ဆိုတာ ပြောပြပါလား ကိုငှက်ရိုး"

ကြိုတင်မျှော်လင့်ထားသည့်အတိုင်း သည်စကားကို ကြားရသည်။

"တန် တန် ကိုမောင်မောင်ဦး၊ ခင်ဗျားစကားဒီမှာတင်ရပ်"

ကိုငှက်ရိုး ကပျာကယာ တားဆီးမိသည်။

"ဘာဖြစ်လို့လဲဗျ"

ကိုမောင်မောင်ဦးဆိုသူက နားမလည်နိုင်သလို ပြန်မေးသည်။

"ဘာဖြစ်ရမှာလဲ၊ ခင်ဗျားကို ကျွန်တော် တစ်ခါတုန်းက ပြောခဲ့သလိုပေါ့။ သူနဲ့ပတ်သက်တဲ့ကိစ္စက ပြီးခဲ့ ပြတ်ခဲ့ပြီပဲ ဥစ္စာ"

"မဟုတ်ပါဘူး ကိုငှက်ရိုး၊ ခင်ဗျားနဲ့ ဘာတစ်ခုမှ အဆက်အစပ် မရှိစေရပါဘူး။ ဘာမှမပတ်သက်စေရပါဘူး၊ ယုံပါ"

"အိုဗျာ၊ ဘာပဲဖြစ်ဖြစ်။ သူနဲ့စပ်လို့ သူ့နာမည်တောင် မကြားပါရစေနဲ့။ ကျွန်တော့် ဘာသာအေးအေးနေပါရစေ"

ကိုငှက်ရိုးက ခါးခါးသီးသီး ငြင်းပယ်သည်။ ထိုအခါ ကိုမောင်မောင်ဦးဆိုသူက စိတ်ပျက်လက်ပျက်ဖြစ်သွားသလို ရှိသည်။

"အေးလေ၊ ဒီလိုဆိုလည်း ပြီးရောပေါ့။ ကျွန်တော်ပြန်မယ်"

ထိုအခါကျမှပင် ကိုငှက်ရိုး ဘဝင်ကျသွားတော့သည်။ ကိုမောင်မောင်ဦးဆိုသူ ပြောပြောဆိုဆို ထိုင်ရာမှ ထသည်။ အိမ်မှထွက်သည်။

သည်တွင် ကိုငှက်ရိုးသည် မနေနိုင် မထိုင်နိုင် စကားတစ်ခွန်းကို ပြောလိုက်မိသည်။

"နန်းကိန္နရီနဲ့ ဆက်သွယ်ဖို့များဗျာ။ ဘာခက်တာလိုက်လို့၊ ခင်ဗျားလည်း ခေတ်ပညာတတ်ပဲဥစ္စာ၊ တယ်လီဖုန်းလမ်းညွှန် စာအုပ်လောက်တော့ ကြည့်တတ်မှာပေါ့။ အဲဒီမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ နံပါတ်နဲ့လိပ်စာ ပါနေတဲ့ဥစ္စာ"

သူ့စကားကြောင့် ကိုမောင်မောင်ဦးဆိုသူ ခြေလှမ်းတုံ့သွားသည်။ သူ့စကားကို အသေအချာ နားထောင်သည်။ ဤသည်နှင့်ပတ်သက်၍ မည်သို့အကျိုးသက်ရောက်မှုရှိလာလေမည်ကိုမူ ကိုငှက်ရိုး မတွေးမိ။ သူတို့ဘာသာသူတို့ ဆက်မိသွားရင်လည်း ပြီးရောပေါ့။ ကိုယ့်ပယောဂမပါရင် ပြီးရောပေါ့။ ယင်းသို့သာလျှင် တွေးမိကာ ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်ရင်း ကျန်ခဲ့သည်။

ကိုကျော့မောင်သည် ကိုငှက်ရိုးအား များစွာကျေနပ်လှသည်တော့မဟုတ်။ သို့ရာတွင် ကိုငှက်ရိုး၏စကားကြောင့် အလိုလို ခွင့်လွှတ်နိုင်စွမ်း ရှိလာခဲ့သည်။

စင်စစ်တွင် သူကိုယ်တိုင်သည်လည်း ဒေါ်ရေနံ့သာခင်ခင်ကြီး၊ နန်းကိန္နရီ စသူတို့နှင့်ပတ်သက်လာလျှင်၊ စပ်လျဉ်းလာလျှင် တတ်နိုင်သမျှ မေ့ပျောက်နိုင်စွမ်းရှိအောင် ကြိုးစားနေရသူတစ်ယောက်ဖြစ်လေသည်။

သူငယ်ချင်းဖြစ်သူနှင့် ရေနံ့သာသို့ ရောက်ခဲ့ရသောညကို သူ မမေ့တတ်သေး။ ထိုစဉ်ကအဖြစ်အပျက်များကြောင့် မိမိကိုယ်ကိုလည်း နာကြည်းခဲ့မိသည်။ သူငယ်ချင်းဖြစ်သူ၏ အဖြစ်ကြောင့်လည်း ရင်မှာနာကျင်ခဲ့ရသည်။

နောက်တော့ သည်စဉ်က အဖြစ်များသည် သူ့ကိုခြောက်အိပ်မက်အဖြစ် လွှမ်းမိုးလာသည်။ ကြီးစိုးလာသည်။ သို့ဖြင့် သည်အဖြစ်များကို တတ်နိုင်သမျှမေ့မေ့ပျောက်ပျောက်ဖြစ်စေရန် ကြိုးစားခဲ့ရသည်။

ယခုတော့လည်း သည်အကြောင်းများကို အမှတ်ရဖို့ ဖန်တီးလာလေပြန်ပြီ။ သတိတရရှိဖို့ ကိစ္စရပ်များ ပေါ်ပေါက်လာလေပြန်ပြီ။

ဤသည်မှာ သူငယ်ချင်းဖြစ်သူ သူ့ထံ ရောက်ရှိလာခြင်းမှ အစပျိုးခဲ့သည်။

ကိုမောင်မောင်ဦးသည် လွန်ခဲ့သောအပတ်က သူ့ထံ ရောက်ရှိလာသည်။ အကြောင်းမကြား၊ စာမရေးဘဲ ဖြုန်းခနဲ ရောက်ရှိလာခြင်း ဖြစ်သည်။

သည်တစ်ခါ ပြန်လည်တွေ့ရှိရခြင်းအတွက် ကိုကျော့မောင် ဝမ်းမသာနိုင်လောက်အောင် ရှိရသည်။ ကိုမောင်မောင်ဦးသည် ကျန်းမာဟန်မတူ။ နောက်တစ်ခုကလည်း အဝတ်တစ်ထည်ကိုယ်တစ်ခုဆိုသလို အဝတ်အစားပင် ပြည့်ပြည့်စုံစုံမပါဘဲ ရောက်ရှိလာခြင်းဖြစ်သည်။

ယခုတလော ကိုကျော့မောင်နှင့် သူ၏အစ်မတို့ များစွာသင့်မြတ်ခြင်းမရှိကြ။ အစ်မဖြစ်သူသည် သူ့အပေါ် ငြိုငြင်စ ပြုလာသည်။ သူကိုယ်တိုင်သည်အိမ်မှ ဘယ်နေ့ပြေးရမလဲ တွေးတောနေရသော ကာလဖြစ်သည်။ သည်အကြားမှ သူနှင့်စပ်၍ လူပိုတစ်ယောက် ရောက်လာပြန်သည် ဆိုသောအခါ ပိုမိုငြိုငြင်ရခြင်းများ ပေါ်ပေါက်လာသည်။

ခံသာသည်မှာ ကိုမောင်မောင်ဦးသည် အိမ်တွင် ကြာရှည်သောင်တင်မနေခြင်းဖြစ်သည်။ ရောက်ကတည်းက ကိုမောင်မောင်ဦး အပြင်းဖျားသည်။ ဆေးရုံပို့ရသည်။ အိမ်တွင် ရက်အနည်းငယ်သာ နေဖြစ်ခဲ့သည်။ သို့ပေမဲ့ ဆေးရုံကဆင်းလေလျှင် သူပြန်ရောက်လာလိမ့်ဦးမည်ထင်သည်။ ထို့အတွက် ကိုကျော့မောင် ကြိုတင်ရင်မောနေရသည်။ သည်ပြဿနာကို မည်သို့ရှင်းရမည် မတွေးတတ်နိုင်သေး။

ကိုမောင်မောင်ဦး အဖျားတက်နေသောနေ့ရက်များက အဖြစ်အပျက်တို့ကို ကိုကျော့မောင်သည် တစ်သက် မေ့ရက်နိုင်တော့မည်မထင်။

တစ်ညသ၌ သူ၏ကိုယ်မှာ ချစ်ချစ်တောက်ပူသည်။ အပူရှိန်ကြောင့် အသားများပင် တဆတ်ဆတ်တုန်နေသည်။ ရေကိုအငမ်းမရ သောက်လိုလျက်ရှိကြောင်း တွေ့ရသည်။ အဖျားတက်ခဲ့ခြင်းပင် ဖြစ်သည်။ သည်စဉ်က ကိုမောင်မောင်ဦး သတိလစ်ဟင်းနေသူတစ်ယောက်လို ရောက်တတ်ရာရာ စကားများ ဆိုခဲ့သည်။ ယောင်ယမ်းပြောဆိုသော စကားများထဲတွင် ခင်ခင်ကြီးဟူသော အမည်သည်လည်းကောင်း၊ နန်းကိန္နရီဟူသောအမည်သည် လည်းကောင်း ပါဝင်ခဲ့သည်။ ပူစူးမဟူသော အမည်ကိုလည်း ကြားရသည်။ လူတကာကိုပင် သူ့ကိုခွင့်လွှတ်ဖို့ တောင်းပန်စကား ပြောဆိုခဲ့သည်။ ညည်းညည်းညူညူဖြင့် သမီးဖြစ်သူကို တမ်းတသည်။ သမီးဟူသော စကားလုံးကို အထပ်ထပ်အခါခါ သုံးသည်။

"ကျော့မောင် ငါ့သမီးနဲ့ တွေ့ပါရစေ၊ သမီးကိုခေါ် ပေးပါ" စသည်ဖြင့်လည်းကောင်း၊ "ငါမသေခင် သူနဲ့ တွေ့ပါရစေ၊ ခင်ခင်ကြီးနဲ့ တွေ့ပါရစေ၊ ငါဖြေရှင်းပါရစေ၊ ငါ့ကို ဖြေရှင်းခွင့်ပေးပါ" စသည်ဖြင့်လည်းကောင်း တောင်းဆိုခဲ့သည်။

ကိုကျော့မောင်သည် ဝေဒနာခံစားနေရသော သူငယ်ချင်းဖြစ်သူနှင့် ထပ်တူထပ်မျှ ခံစားနေရသည်ဟု မိမိကိုယ်ကို ထင်သည်။ ကိုမောင်မောင်ဦး နယ်ပင် မိမိ၏ရင်မှာလည်း လှုပ်ရှားနေသည်။ ဆို့နင့်ကြေကွဲရခြင်းများသည် သူငယ်ချင်းဖြစ်သူနှင့် ထပ်တူထပ်မျှ မိမိတွင်ရှိနေသည်ဟု အောက်မေ့သည်။

နောက်တစ်နေ့ကျတော့ ကိုမောင်မောင်ဦးကို ဆေးရုံသို့ပို့လိုက်ရသည်။ ကိုမောင်မောင်ဦး၏ ဝေဒနာမှာ အဖျားတက်ခြင်းတစ်ခုတည်းမဟုတ်ကြောင်း တွေ့ရှိရ၍ဖြစ်သည်။ ပြီး အလိုလိုက မိမိအား ငြိုငြင်လျက်ရှိသောအိမ်တွင် မထားချင်သောကြောင့်လည်း ဖြစ်သည်။

ဆေးရုံက ကိုမောင်မောင်ဦးအား အထွေထွေ စမ်းသပ်စစ်ဆေးခြင်းပြုသည်။ ၎င်းနောက် သူ့တွင် အဆုတ်ရောဂါရှိနေပြီဖြစ်ကြောင်း ပြောပြသည်။ အဆုတ်ရောဂါကုဆေးရုံသို့ ပို့၍ ကုသစေမည်ဟု ဆိုသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

❝ ကိုမောင်မောင်ဦး အဖျားတက်နေသောနေ့ရက်များက အဖြစ်အပျက်တို့ကို ကိုကျော့မောင်သည် တစ်သက်မေ့ရက်နိုင်တော့မည်မထင်။ တစ်ညသ၌ သူ၏ကိုယ်မှာ ချစ်ချစ်တောက်ပူသည်။ သည်စဉ်က ကိုမောင်မောင်ဦး သတိလစ်ဟင်းနေသူတစ်ယောက်လို ရောက်တတ်ရာရာ စကားများဆိုခဲ့သည်။ ယောင်ယမ်းပြောဆိုသော စကားများထဲတွင် ခင်ခင်ကြီးဟူသော အမည်သည်လည်းကောင်း၊ နန်းကိန္နရီဟူသောအမည်သည်လည်းကောင်း ပါဝင်ခဲ့သည်။ ညည်းညည်းညူညူဖြင့် သမီးဖြစ်သူကို တမ်းတ . . . ❞

နန်းဝင်း ရေးသားပူဇော်သည့်
(၃၈) ဖျာမင်္ဂလာ
ကတညုတာ (သူတစ်ပါးပြုဖူးသော ကျေးဇူးကိုသိတတ်ခြင်း) နှင့်
ဉာတကာနဉ္စ သင်္ဂဟော (ဆွေမျိုး မောင်နှမတို့ကို စောင့်ရှောက်ခြင်း)



နန်းဝင်း (ရွှေနန်းသဘင်)၊ နန်းခင်မွေး၊ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊
မိုးပြည့်ပြည့်မောင် နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ထားပါသည်။
၁၈-၆-၂၀၂၂ (စနေနေ့)၊ ည (၉) နာရီ ON MRTV HD
အပတ်စဉ် ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့များတွင် ညနေ (၆) နာရီသတင်းအပြီး၌ တစ်ပိုင်းစီပြန်လည်ပြသပါမည်။

## သုံးခွမြို့နယ်ရှိ ဦးပြူး+ဒေါ်ဝက်တို့ ကျန်ရှိခဲ့သော အမွေပစ္စည်းများနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမနှင့် လှည်းတန်းလမ်းထောင့်၊ ဘုရင့်နောင်တာဝါ(၂)A၊ အမှတ်-၂၀၆တွင် နေထိုင်သူ ဦးကိုနိုင်(ဘ) ဦးမြင့်မောင် [၁၂/သခန(နိုင်)၀၀၉၉၄၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ ဦးပြူးနှင့်ဒေါ်ဝက်တို့တွင် (၁) ဒေါ်သန်းနှစ်၊ (၂) ဒေါ်မြင့်သန်း၊ (၃) ဒေါ်ခင်စန်း၊ (၄) ဒေါ်ခင်ကြူ၊ (၅) ဒေါ်သီတာစမ်းဟူသော သမီး (၅)ဦးထွန်းကားခဲ့ပြီး အမှတ်(၄)သမီး ဒေါ်ခင်ကြူမှလွဲ၍ ကျန်သမီး (၄)ဦးမှာ ကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေဦးကိုနိုင်သည် သမီးအကြီးဆုံးဖြစ်သော ဒေါ်သန်းနှစ်၏ သားအကြီးဆုံးဖြစ်ကာ မြေးအကြီးဆုံး ဖြစ်ပါသည်။ ဦးပြူး+ ဒေါ်ဝက်တို့မှာလည်းအသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ ကွယ်လွန်ချိန်၌ အောက်ပါ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း/မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကျန်ရှိခဲ့ပါသည်-

(၁) အလျားxအနံ(၃၅x၅၀)ပေဝန်းကျင်ရှိ အမွေဆိုင်များ၏အခေါ် ဇီးပင်ခြံမြေကွက်တစ်ကွက်။ (အောင်သပြေ လမ်းမပေါ်)

(၂) အလျား xအနံ (၄၀x၆၀)ပေဝန်းကျင်ရှိ အမွေဆိုင်များ၏အခေါ် ဦးထွန်းကျော်ခြံကွက် တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးပျဉ်ထောင်အိမ်တစ်လုံး၊ (အောင်သပြေလမ်းမပေါ်)

(၃) အလျားx အနံ (၉၆x၁၁၈)ပေဝန်းကျင်ရှိသော ယခုလက်ရှိ ကိုသက်နိုင်နေထိုင်လုပ်ကိုင်လျက်ရှိသော မုန့်ဖို၊ အိမ်မကြီး၊ ကားဂိုဒေါင်ပါ မြေကွက်တစ်ကွက်။ (အောင်သပြေလမ်းနှင့် ကျန်စစ်လမ်းကြား)

(၄) အလျားx အနံ (၅၃x၇၀)ပေဝန်းကျင်ရှိ စပါး/ပဲ ထည့်သည့် ဂိုဒေါင်(ဒေသအခေါ်စည့်)တစ်လုံးထားရှိသည့် မြေကွက်တစ်ကွက်။ (ကျန်စစ်လမ်းမပေါ်)

(၅) အလျား x အနံ (၃၆x၆၀)ပေဝန်းကျင်ရှိ ဒေါ်ငြိမ်းကြွယ်အကွက်ဟု အမွေဆိုင်များ ခေါ်ဝေါ်သော မြေကွက်တစ်ကွက်။(ကျန်စစ်လမ်းမပေါ်)

(၆) အလျားx အနံ(၅၃x၃၅)ပေဝန်းကျင်ရှိ ကျန်စစ်လမ်းနှင့် ယုဇလမ်းထောင့်ရှိ မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ခန်းတွဲ တစ်ထပ်တိုက်တစ်လုံး။

(၇) အမှတ်(၁၇)၊ ယုဇနလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိ အလျားxအနံ(၂၅x၅၀)ပေ အကျယ်အဝန်းရှိ မြေငှားဂရန်မူရင်း (မြေငှားဂရန်မူရင်းမှာ ဒေါ်သီတာစမ်း၏ခင်ပွန်း ဦးငွေးနိုင်အေး လက်ဝယ်တွင်ရှိသောဂရန်) နှင့်တရားဝင်မခွဲမခြမ်းရသေးသော ဦးပြူး+ဒေါ်ဝက်တို့ပိုင်ဆိုင်သော တိုက်ခန်းများ။

(၈) သုံးခွမြို့နယ်၊ ကြံ့ကြိတ်ကျေးရွာ၊ ကြံ့ကြိတ်ကွင်းရှိ လယ်၁၅.၅ဧက။

(၉) ကျန်အမွေဆိုင်များလက်ဝယ်ရှိ အပျိုကြီး ဒေါ်ခင်စန်းနှင့်ဒေါ်မြင့်သန်း သက်ရှိထင်ရှားရှိစဉ်က ဝတ်ဆင်ခဲ့သည့် စိန်ဆွဲကြိုး၊ စိန်လက်ကောက်၊ စိန်လက်စွပ်နှင့် စိန်နားကပ်အပါအဝင် ရွှေငွေလက်ဝတ် လက်စားများ။ (ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၀၀၀ ကျော်ဝန်းကျင်)

ဖော်ပြပါပစ္စည်းများသည်ဦးပြူးနှင့်ဒေါ်ဝက်တို့ ကျန်ရစ်သော အမွေဆိုင်ပစ္စည်းများဖြစ်ပြီး တရားဝင်မခွဲဝေရသေးသော အမွေပစ္စည်းများဖြစ်ပါသဖြင့် အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်တို့၏ မိတ်ဆွေဦးကိုနိုင်၏ သဘောတူခွင့်ပြုချက်မရဘဲ ကျန်အမွေဆိုင်များမှဖြစ်စေ၊ တစ်ဦးဦးမှဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ လုပ်ပိုင်ခွင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန် တားမြစ်/ကန့်ကွက်မှုဖြင့် အသိပေးကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ | |
|---|---|---|
| ဦးကိုနိုင် | ဒေါ်ချိုချိုမွေး | ဒေါ်တင်တင်ဝင်း |
| [၁၂/သခန(နိုင်)၀၀၉၉၄၂] | (LL.B,D.B.L,D.I.L,D.M.L) | (LL.B,D.B.L) |
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၀၅၃၅)(၃၀-၄-၂၀၁၅) | (စဉ်-၁၇၅၆၅/၂၁-၁၂-၂၀၂၁) |
| | အမှတ်-၂၂/က၊ (၄)လွှာ၊ | အမှတ်(၂၃၃)၊ ကမ်းနားလမ်း၊ |
| | ကန်လေးစုလမ်းသွယ်၊ (၂)ရပ်ကွက်၊ | မကျည်းတန်းတောင်၊ နောက်ရပ်ကွက်၊ |
| | မရမ်းကုန်းမြို့နယ်။ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| | Ph:09-43082568 | Ph:09-762283656 |

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဒဂုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ် အစီအစဉ်ဖြင့် အောက်ဖော်ပြပါ သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။ | သင်တန်းအမည် | - ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ်ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma in Geographic Information System PGDGIS) |
| ၂။ | သင်တန်းဝင်ခွင့်ရ အရည်အချင်း | - သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။ |
| ၃။ | သင်တန်းကာလ/အချိန် | - (၁)၂၀၂၂ခုနှစ် ဇွန်လမှ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလထိ (၂)တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်(၇:၀၀)နာရီမှ နံနက်(၉:၀၀)နာရီထိ |
| ၄။ | သင်တန်းဖွင့်မည့်ရက် | - သင်တန်းကို(၂၉-၆-၂၀၂၂)ရက်နေ့ မှစ၍ ဖွင့်လှစ်ပါမည်။ |
| ၅။ | သင်တန်းလက်ခံမည့်ရက် | - သင်တန်းကို(၂၂-၆-၂၀၂၂)ရက်နေ့မှစ၍ လက်ခံပါမည်။ |
| ၆။ | သင်ကြားမည့်ဌာန | - ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ် |
| ၇။ | ဆက်သွယ်ရန်လိပ်စာ | - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန ဖုန်း-၀၉-၇၇၀၀၀၇၀၆၀၊ ၀၉-၆၉၈၆၈၉၆၅၅ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ |

**သင်တန်းကြီးကြပ်ရေးကော်မတီ**
**ဒဂုံတက္ကသိုလ်**

## ဒေါ်သီတာအေးဝင်း (ဘ) ဦးတင်အေး [၁၂/တမန(နိုင်)၀၉၆၄၉၆] ကိုင်ဆောင်သူနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ၅ ရပ်ကွက်၊ မနောသုခလမ်း၊ အမှတ်-၂၄ နေ ဦးသက် ၁၄/ဘကလ(ဧည့်)၀၀၀၀၉၁ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသက်နှင့် ဒေါ်သီတာအေးဝင်းတို့သည် လွန်ခဲ့သော (၁၉)နှစ်ခန့်ကတည်းက အတူတကွပေါင်းသင်းနေထိုင်ကြပြီး သားသမီး (၂)ဦးထွန်းကားခဲ့ပါသည်။ ဒေါ်သီတာအေးဝင်း [၁၂/တမန(နိုင်) ၀၉၆၄၉၆] ကိုင်ဆောင်သူသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား အသိပေးပြောဆိုခြင်းမရှိဘဲ မကြာခဏ မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားခြင်း၊ ခွင့်မလွှတ်နိုင်သည့် လူမှုရေးကိစ္စများရှုပ်ထွေးခြင်းများပြုလုပ်ဆောင်ရွက်နေခြင်း၊ ကျွန်ုပ်၏ မိတ်ဆွေအား ကိုယ်စိတ်နှစ်ပါးမချမ်းသာအောင် ဆောင်ရွက်နေခြင်းတို့ကြောင့် ပြတ်စဲလိုက်ပါသည်။ နောက်နောင်တွင်လည်း ၎င်းနှင့် ပတ်သက်၍ မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိကြောင်းနှင့် ဒေါ်သီတာအေးဝင်းသက်ဆိုင်ပတ်သက်သည့် ကိစ္စရပ်များအားလုံးတို့ကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့် (ခ) ဒေါ်မေပြည့်စုံ LL.B, DBL, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၉၃)**
**အမှတ်-၅၅၊ အခန်း ၁၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၀၅၃၄၂၄၊ ၀၉-၇၆၅၀၅၃၄၂၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

သန်လျင်မြို့၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၄၅၃/ခ) ဟု ခေါ်တွင်သော သန်လျင်မြို့၊ ကျူးကျော်အိမ်မြေနေရာများချထားရေးအဖွဲ့မှ (၁၉-၁၂-၁၉၈၈)ရက်က ဒေါ်တင်ရွှေအမည်ဖြင့်ချထားပေးသောမြေအကျယ် ပေ(၄၀x၆၀)ရှိ မြေထဲမှ ခြေရင်းဘက် မြေအကျယ်(၁၅x၆၀)ပေရှိမြေနှင့် နေအိမ်အား မူလပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးကြည်(ဘ) ဦးအောင်ကြည် [၁၄/အဂပ(နိုင်)၁၁၈၃၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ထက်သဉ္ဇာဦး (LL.B) | ဒေါ်စိုးစိုးကြည်(LL.B, D.B.L) |
| အထက်တန်းရှေ့နေ(စဉ်-၅၄၉၈၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၇) |
| အမှတ်(၄၀၃)၊ ဘုရားကြီးဈေးနောက်လမ်း၊ | အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ |
| ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။ | မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ |
| ဖုန်း-၀၉-၆၉၂၃၃၉၀၂၀ | ဖုန်း-၀၉-၅၁၈၅၁၆၇ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၀၈)၊ အကျယ်အဝန်း(အလျား ၄၀ပေx အနံ ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက် ပိုင်ရှင် ဦးစိုးလွင်[၅/မရန(နိုင်)၁၃၃၆၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ ဂရန်စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာပါပြီး (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းအေး(LL.B,LL.M,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၂)**
**အမှတ်(၅၆)၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၈၈၃၄၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၂-၂၀၂၃)ခု ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာန၊ PET/CT and Cyclotron Centerရှိ Cyclotron and QC Labတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)နေပြည်တော်သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - (၁၄-၆-၂၀၂၂)ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - (၂၈-၆-၂၀၂၂)ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## တိုက်ခန်းငှားမည်

*ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ဒုတိယထပ်။
*အင်းစိန်မြို့နယ်၊ တညင်းကုန်းလက်ကားဈေးကြီး၊ (ပ၊ဒ၊တ)ထပ် (အခန်းစုံ)။
*ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ ပထမထပ်၊ အလှပြင်ဆိုင်၊ ရုံးခန်း၊ လူနေရန်အလွန်ကောင်း၊ အခန်းတိုင်းအဲယားကွန်း တပ်ဆင်ပြီး။
**ဆက်သွယ်ရန် ဖုန်း ၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃**

## မြေကွက်အမြန်ရောင်းမည်

*ပြင်ဦးလွင်၊ အောင်ချမ်းသာရွာ၊ မန္တလေး-လားရှိုးလမ်းမကြီးမေးတင်(၉၀'x ၉၀')အာစီ နှစ်ထပ်တိုက်၊ ဂရန်ရှိ၊ ရေ၊ မီး၊ အစုံ၊ ဆိုင်ခန်း၊ ဟိုတယ်ဖွင့်ရန် အလွန်ကောင်း။
*(၅၀'x ၁၃၅')မန္တလေး-လားရှိုးလမ်းမကြီးမေးတင် အောင်ချမ်းသာရွာ၊ ဂရန်ရှိ၊ သင့်တော်သော ညှိနှိုင်းဈေးနှုန်းဖြင့် အမြန်ရောင်းမည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃**

## ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးကွန်ဒို၊ တိုက်အမှတ်-၇၀၊ အခန်းအမှတ်-၅၀၅၊ (၅-လွှာ)တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်သူ **ဦးညီညီ[၁၂/မဂတ(နိုင်)၀၀၈၈၀၁]မှ** ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးခင်မောင်ချိုLL.B,D.B.L | ဒေါ်သီတာအောင်LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀) |

**ဖုန်း-၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၄)လမ်း၊ တိုက်အမှတ်-၁၁၄၈/က၊ ပထမထပ်၊ အကျယ်အဝန်း-(၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်သူ **ဒေါ်ဖြူဖြူသက် [၁၂/သကတ(နိုင်)၁၃၂၈၃၂]မှ** ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးခင်မောင်ချို (LL.B, D.B.L) | ဒေါ်သီတာအောင် (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၄၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၀) |

**ဖုန်း-၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆)ရပ်ကွက်၊ မင်းရဲကျော်ထင်လမ်း၊ အမှတ်-၅၀၄ ဟုခေါ်တွင်သော ဦးမြတ်ထွန်းအမည်ပေါက် ပါမစ်မြေ အမျိုးအစားအလျား(၄၀)ပေx အနံ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့သည် ဖခင် ဦးမြတ်ထွန်းကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသည့် (၁) ဦးနိုင်ဝင်း[၁၀/မလမ(နိုင်)၀၁၉၈၇၆]၊ (၂) ဒေါ်ခိုင်ခိုင်မာ [၁၂/မဂဒ(နိုင်)၀၄၁၂၉၈]နှင့် (၃) ဒေါ်အေးအေးထွန်း [၁၂/မဂဒ(နိုင်)၀၄၁၀၅၆]တို့ မောင်နှမ(၃)ဦးမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် မြေနှင့်အိမ်ဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရွှေသိန်းမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၁၈၄၉၆)**
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၈၇၀၃**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စမ်းလှိုင်

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ [ဗိုလ်မှူးကြီး ကျော်ထွန်း(ငြိမ်း) (ကကလုံ ညွှန်ကြားရေးမှူး-ငြိမ်း၊ ဝါဇီ)]၏ ချစ်လှစွာသောဇနီး၊ ကျောက်တန်းမြို့နေ (ဦးလှိုင်-ဒေါ်လှစိန်)တို့၏သမီး၊ ဦးစောဝင်းမောင်-ဒေါ်ခင်ယင်းမာ၊ ဦးဇော်မင်း-(ဒေါ်ခင်စပယ်)၊ ဦးခင်ဇော်-ဒေါ်ခင်သပြေ၊ ဦးဝင်းဇော်လင်း-ဒေါ်ခင်မြတ်လေး၊ ဦးဖြိုးသီဟကျော်-(ဒေါ်ခင်သစ္စာ)တို့၏ ချစ်လှစွာသောမိခင်၊ ကိုအောင်ကျော်ထင်၊ မမေမြတ်နိုးဦး၊ မောင်ဖွဲ့ညဏ်ဇော်၊ မောင်ကောင်းထက်မြက်ဇော်၊ မောင်ဘုန်းမြတ်ကျော်၊ မောင်အာကာချမ်းမြေ့၊ မောင်ကျော်ညဏ်လင်းတို့၏ ချစ်လှစွာသောအဘွားသည် ၁၂-၆-၂၀၂၂(တနင်္ဂနွေနေ့) ည ၁၁:၅၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရားဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး တင်အေး (ငြိမ်း)

ကြည်း ၁၀၁၃၄၊ OTS(30)

### အသက်(၇၉) နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဗိုလ်ချုပ်အောင်မျိုးသန့်-ဒေါ်စီစီတင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးတင်အေး(ငြိမ်း)သည် ၁၁-၆-၂၀၂၂ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမိသားစုများ**

မူးယစ်ကိုပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

## ဒေါ်ညိုညို

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်(၇)၊ အခန်း(၂၀)နေ (ဦးနီ-ဒေါ်မြရွှေ)တို့၏သမီး၊ [ဦးမောင်မောင်ရီ (ကျောင်းအုပ်-ငြိမ်း)]၏ဇနီး၊ (ဦးအောင်ကျော်မွန်)၊ ဒေါ်ရည်ရည်မွန် (ပြန်/ဆက်)၊ (ဦးဝင်းကျော်မွန်)၊ ဦးမင်းကျော်မွန်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၂-၆-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး တင်အေး(ငြိမ်း) (OTS-30)

ကြည်း ၁၀၁၃၄

### အသက်(၇၉)နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒေါ်မေမေခင်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး တင်အေး(ငြိမ်း) (OTS-30)သည် ၁၁-၆-၂၀၂၂ ရက် (စနေနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခလရ (၃၃)မှ အရာရှိစစ်သည် တပည့်ဟောင်းများ**

## ဒေါ်ခင်အုံး

### အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးအေးမြိုင်-ဒေါ်ကျော့)တို့၏သမီးကြီး၊ (ဦးခင်ဟို)၏ဇနီး၊ ဦးမြင့်စိုး-ဒေါ်မြအေး၊ ဦးသိန်းလွင်-ဒေါ်ခင်စန်းရီ၊ ဒေါ်မြလှိုင်၊ (ဦးကျော်ဝင်း)၊ ဦးတင့်ဆွေ၊ ဦးအောင်ညွှန့်နိုင်တို့၏ မွေးသမိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၂-၆-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၁၄၄)၊ ပန်းလှိုင် (၄)လမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းရင်

လက်ထောက်မန်နေဂျာ(ငြိမ်း)၊ ငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအောင်ဖံ-ဒေါ်စိန်)တို့၏ သမီး၊ (ဒေါ်မြကြည်)၊ (ဦးညဏ်ဝင်း-ဒေါ်ရင်ရင်မြင့်)၊ (ဦးလှမြင့်)-ဒေါ်ခင်သန်း၊ (ဦးထွန်းမြင့်)၊ (ဒေါ်အေးချို)တို့၏ ညီမ၊ ဦးသာအေး-ဒေါ်မြင့်မြင့်၊ (ဦးကျော်မြင့်)-ဒေါ်အေးအေးမာတို့၏အစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏ အဒေါ်သည် ၁၂-၆-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၆-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၈၅၆)၊ အနော်မာ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇော်ဦး(ခ)ဦးဇော်ဇော်

ဦးစီးအရာရှိ၊ ဒုတိယတန်း(ငြိမ်း)၊

စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၀၉)၊ အခန်း(၈)နေ (ဦးကြီးမြင့်-ဒေါ်ခင်ပု)တို့၏သား၊ (ဗိုလ်ကြီးမင်းဒင်-ဒေါ်ခင်ခင်ကြီး)တို့၏သားသမက်၊ ဒေါ်သီတာမင်းဒင်(အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဦးဖြိုးအောင်ဇော်(Raffles Company Ltd)၊ ဦးကျော်ထက်ဇော် (Raffles Company Ltd)-ဒေါ်ဒင်(မ်)ရှန်းမွန်၊ (ဦးတက်ထွန်းအောင်)တို့၏ဖခင်၊ မရှင်းသန့်မေ၊ မောင်ဟိန်းသန့်ဇော်၊ မအိမ့်ရွှေစည်၊ မဆုရွှေစင်၊ မဆုသံစည်၊ မောင်မိုက်ကယ်သုတတို့၏အဘိုးသည် ၁၃-၆-၂၀၂၂ (တနင်္လာနေ့) နံနက် ၀၀:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၂၂ (တနင်္ဂနွေ နေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းညွှန့် (ပန်းတော၊ ကျောက်တန်း)

မင်္ဂလဓမ္မဇောတိကဓဇ

### အသက် (၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ ဆင်ကန်လမ်း၊ အမှတ်(၂)နေ (ဦးရွှေ-ဒေါ်ကရင်မ)တို့၏သား၊ (ဦးချစ်ဆွေ-ဒေါ်အေးညွှန့်)တို့၏သားသမက်၊ ဒေါ်သန်းသန်းငွေ၏ ခင်ပွန်း၊ ဦးဇော်မင်းထွန်း-ဒေါက်တာနွယ်ဇင်ညွှန့်၊ ဦးမြင့်သန်းနိုင်-ဒေါ်ဆွေဇင်ညွှန့်၊ ဒေါက်တာကောင်းခန့်ကျော်-ဒေါ်ခိုင်ဆုရည်ညွှန့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်မြတ်ဘုန်းခ၊ မဆုမြတ်ဖြူစင်၊ မဆုပြည့်ရတနာတို့၏အဘိုးသည် ၁၂-၆-၂၀၂၂ ရက် ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

## သက်ကြီးကန်တော့ခံ ဒေါ်သန်းတင်

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ တိုက်အမှတ် (၅၉)၊ ငါးလွှာ(B)နေ ဦးဇော်ဝင်းသန်း(ဒုတိယညွှန်ကြားရေးမှူး၊ လ.ဝ.က-ငြိမ်း)-ဒေါ်မော်မော်ဝင်း (လ.ဝ.ကမှူး၊ သဃ်န်းကျွန်းမြို့နယ်) တို့၏မိခင် ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးကန်တော့ခံ ဒေါ်သန်းတင် အသက်(၉၁)နှစ်သည် ၈-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇော်ဦး(ခ)ဦးဇော်ဇော်

ဦးစီးအရာရှိ၊ ဒုတိယတန်း(ငြိမ်း)၊

စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၀၉)၊ အခန်း(၈)နေ (ဦးကြီးမြင့်-ဒေါ်ခင်ပု)တို့၏သား၊ (ဗိုလ်ကြီးမင်းဒင်-ဒေါ်ခင်ခင်ကြီး)တို့၏သားသမက်၊ ဒေါ်သီတာမင်းဒင် (အထပြ-ငြိမ်း)၏ခင်ပွန်း၊ (ဦးမြင့်ဦး)၏ညီ၊ (ဗိုလ်ကြီးသန်းဌေး-ဒေါ်မြင့်မြင့်စိန်)၊ (ဦးကျော်ကျော်မြင့်)-ဒေါ်သီတာဦး၊ (ဦးဌေးမြင့်)-ဒေါ်ဌေးဌေးရီ၊ (ဦးမော်မော်မြင့်)-ဒေါ်အေးအေးလွင်၊ (ဦးအောင်အောင်မြင့်)-ဒေါ်မော်မော်စံ၊ ဒေါက်တာဥမ္မာမြင့်တို့၏ အစ်ကိုကြီးသည် ၁၃-၆-၂၀၂၂ (တနင်္လာနေ့) နံနက် ၀၀:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု


လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



➢ လတ်တလော အသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ Plug ခေါင်းများကို Socket များမှ ဖြုတ်ထားပါ။




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်တောင်ရပ်ကွက်၊ ဂန္ဓာမာလမ်း၊ အမှတ်(၅၉)၊ ပထမထပ်၊ (ခေါင်းရင်းခန်း) တိုက်ခန်း(အလျားxအနံ)(၁၂ပေခွဲx ၅၀ပေ)ဟုခေါ်တွင်သည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာရည်[၁၂/စခန(နိုင်)၀၄၃၇၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးရန်အောင်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**

**အမှတ်(၂၄/အေ)၊ ရန်ပြေ(၁၃)လမ်း၊ ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ ဆင်တဲလမ်း၊ နမ္မတူလမ်းနှင့် ပုဇွန်တောင်(၇)လမ်းရှိ ဆိုင်ခန်းများဖြစ်ကြသော ဆိုင်ခန်းအမှတ် (စီ-၁၈၂)၊ (စီ-၁၈၃)၊ (စီ-၁၉၂)၊ (စီ-၁၉၃)ဟုခေါ်တွင်သော ဆိုင်ခန်းတစ်ခန်းလျှင် အကျယ်အဝန်း (၂၀'x ၃၀')ရှိ ဆိုင်ခန်း(၄)ခန်းနှင့် ယင်းဆိုင်ခန်းများ တည်ရှိရာ မြေပိုင်ဆိုင်မှုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းချို [၁၂/သဃက(နိုင်)၀၉၀၁၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်အောင် [၁၂/သလန(နိုင်)၁၂၅၄၅၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေအချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၈၂)**

**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၂၈၆၇**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၃/A)၊ ကွင်းအမည်(ရာမနီကွင်း)၊ ဦးပိုင်အမှတ်(၁၀၉/ခ)၊ ဧရိယာ(၄.၅၇) ဧကအနက်မှ မခွဲမစိတ်ရသေးသည့် (၃.၀၀)ဧကရှိ လယ်မြေကွက် အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါလယ်မြေကွက်ကို လယ်ယာမြေပုံစံ(၇)လုပ်ပိုင်ခွင့် အမည်ပေါက်ရရှိထားသူ **ဒေါ်ပါပါး [၁၂/သလန(ပြု)၀၀၃၀၀၁]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**

**B.Sc,Hon(IC),HGP,R.L,D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂)**

**အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**


**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကောင်းမွန်တိုးတက်ရန်မှာ တည်ငြိမ်မှုရှိဖို့ အဓိကအရေးကြီး တည်ငြိမ်မှုရှိစေရန်မှာ ငြိမ်းချမ်းမှသာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် စစ်တွေနှင့် ဘူးသီးတောင် တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမများနှင့် ရိပ်သာတို့တွင် သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် တိုင်းစစ်ဌာနချုပ်နယ်မြေသည် နိုင်ငံ၏ အနောက်ဘက်ခြမ်းနယ်မြေ၊ ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်ပါ ပါရှိကြောင်း၊ ကမ်းရိုးတန်းနှင့် မြန်မာ့ရေပြင်ပိုင်နက်များကို လုံခြုံစွာကာကွယ်ထိန်းသိမ်းနေရသဖြင့် အရေးကြီးသော တာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်ကြောင်း၊ ထိုသို့ ကာကွယ်စောင့်ရှောက်နိုင်ခြင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် လက်ရည်တစ်ပြင်တည်း ချစ်ကြည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## လီဗာပူးအသင်းက ဘင်ဖီကာတိုက်စစ်မှူး ဒါဝင်နူနက်ဇ်ကို ပေါင် ၆၄ သန်းဖြင့် ခေါ်ယူ




ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ဒါဝင်နူနက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်တယ်လို့ ဘင်ဖီကာအသင်းက အတည်ပြုပြောကြားခဲ့ပါတယ်။

လက်ရှိမှာ ဘင်ဖီကာအသင်းက တိုက်စစ်မှူး ဒါဝင်နူနက်ဇ်ကို ပြောင်းရွှေ့ကြေးပေါင် ၆၄ သန်းနဲ့ ကနဦး သဘောတူညီထားတာဖြစ်ပေမယ့် ပေါင် ၈၅ သန်းအထိ မြင့်တက်လာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

**တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ PDF အမည်ခံအကြမ်းဖက်သမားများက ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

စာမျက်နှာ » ၁၅

**အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှု မဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက မြို့နယ်အချို့၌ အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်**

စာမျက်နှာ » ၁၆